

PHOTO: IOM

# CHAPTER 5 • 2015
# INFORMATION MANAGEMENT

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့် အသုံးအနှုန်းသည် စခန်းများနှင့် စခန်းကဲ့သို့သော နေရာအမျိုးမျိုးကို ရည်ညွှန်းခြင်း ဖြစ်ပြီး စနစ်တကျတည်ထောင်ထားသော စခန်းများ၊ နေရပ်စွန့်ခွာလာသူများကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်း နေထိုင်ရာ နေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ်ရေးစခန်းများ ပါဝင်ပါသည်။

## အဓိက သတင်းအချက်အလက်များ

- သတင်းအချက်အလက်စီမံခန့်ခွဲခြင်းသည် အဆင့်ဆင့်ပြောင်းလဲဖြစ်ထွန်းလာခြင်းဖြစ်ပြီး ပြောင်းလဲနေသောဝန်းကျင်အခြေအနေများနှင့် အံဝင်ဂွင်ကျဖြစ်အောင် အမြဲမပြတ် ဆောင်ရွက်ရသည်။ စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် သတင်းအချက်အလက်များကို စီမံခန့်ခွဲရာတွင် ခေတ်မီနည်းစနစ်များဖြင့် နည်းလမ်းအသစ်များ ဖန်တီး ဆောင်ရွက်နိုင်ရန် အမြဲကြိုးပမ်းအားထုတ်နေရမည်။
- သတင်းအချက်အလက်စီမံခန့်ခွဲခြင်းသည် ရွှေ့ပြောင်းဒုက္ခသည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှု နှင့်ပတ်သက်သည့် တုံ့ပြန်အကြံပြုချက်များကို အမြဲ ထည့်သွင်းစဉ်းစားပြီး ဖြေရှင်းဆောင်ရွက်ရာတွင် လိုအပ် ချက်၊ လစ်ဟာချက်များကိုလည်း အစဉ် ဖြည့်ဆည်းဆောင်ရွက်သင့်သည်။
- သတင်းအချက်အလက် ရရှိနိုင်မှုနှင့် စခန်းစီမံခန့်ခွဲမှု အေဂျင်စီအနေဖြင့် လိုအပ်သည့် အချက်အလက်များမှာ သက်ဆိုင်ရာ နောက်ခံအခြေအနေအပေါ် မူတည်နေပြီး၊ ပဋိပက္ခကြောင့် သို့မဟုတ် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ခြင်း စသည့်အချက် အများပေါ် မူတည်၍လည်းကွဲပြားသည်။
- သတင်းအချက်အလက် ကောက်ယူစုဆောင်းမှုအားလုံး၏ ရည်ရွယ်ရင်းမှာ ဝန်ဆောင်မှုနှင့် ပတ်သက်သည့် လိုအပ်ချက်များ၊ လစ်ဟာချက်များနှင့် လုပ်ငန်းများ ထပ်နေခြင်း စသည့်သတင်းအချက်အလက်များကို ခြုံငုံ ဆက်စပ်ပြီး ပေးနိုင်ရန်ဖြစ်သည်။
- တိကျပြီး စိတ်ချယုံကြည်ရသော၊ အချိန်နှင့်တပြေးညီဖြစ်သော သတင်းအချက်အလက်များသည် နိုင်ငံတကာ စံနှုန်းများ အထူးသဖြင့် Sphere နှင့် UNHCR စံနှုန်းများအရ ဆောင်ရွက်နေသော ညှိနှိုင်းချိတ်ဆက်၍ ထိရောက်မှုရှိသည့် စခန်းစီမံခန့်ခွဲမှုအတွက် အခြေခံပင်ဖြစ်သည်။ အကောင်းဆုံး ဆောင်ရွက်မှု အလေ့အထ များကို လက်ခံကျင့်သုံးခြင်းအားဖြင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်တစ်ခုအတွက် ကြိုတင်စီမံမှုများကို ကောင်းစွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုစနစ်သည် လက်တွေ့ဆုံးဖြတ်ချက်ချမှတ်ရန် လိုအပ်ချက်များကို အခြေခံပြီး စခန်း၏ အခြေခံ ကိန်းဂဏန်းအချက်အလက်များကို လုပ်ငန်းဆောင်ရွက်မည့်သူအားလုံး တပြေးညီ ရရှိကြစေရန်အတွက် သတင်းအချက်အလက်မျှဝေခြင်းနှင့် ဖြန့်ချိခြင်းတို့ကိုလည်း ဆောင်ရွက်ပါသည်။
- သတင်းအချက်အလက်များကို စဉ်ဆက်မပြတ်ကောက်ယူ၊ ဆန်းစစ်ပြီး ပြန်လည်ဖြန့်ချိပေးရန်အတွက် စခန်းစီမံခန့်ခွဲမှု အေဂျင်စီတွင် တာဝန်ရှိသည်။ ထိုသတင်းအချက်အလက်များသည် သက်ဆိုင်ရာစခန်းတစ်ခုအတွင်း ညှိနှိုင်းဆောင်ရွက်ရာတွင် အခရာဖြစ်သည်။ အလားတူပင် စခန်းအချင်းချင်းအကြားညှိနှိုင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ အစုအဖွဲ့၊ကဏ္ဍ ဦးဆောင် အေဂျင်စီ၊ OCHA နှင့် နိုင်ငံအာဏာပိုင်များ၏ စောင့်ကြည့်စစ်ဆေးရေး လုပ်ငန်းများအတွက်လည်း မရှိမဖြစ်အရေးပါသည်။
- သတင်းအချက်အလက်စီမံခန့်ခွဲခြင်းတွင် စခန်းတွင်းရှိ လူဦးရေဆိုင်ရာအချက်အလက်များကို ကောက်ယူခြင်း၊ စခန်းတွင်း ထောက်ပံ့ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များကိုကောက်ယူခြင်းများပါဝင်သည်။ ယင်းတွင်လူဦးရေ ဆိုင်ရာအချက်အလက်များကို အုပ်စုအလိုက် ခွဲခြားကောက်ယူခြင်းနှင့် ကဏ္ဍအလိုက် သက်ဆိုင်ရာ စံနှုန်းနှင့် အညွှန်းကိန်း များအား လိုက်နာသုံးစွဲမှုကို စောင့်ကြည့်မှတ်တမ်းတင်ခြင်းများလည်း ပါဝင်သည်။
- သတင်းအချက်အလက်စီမံခန့်ခွဲခြင်းသည် စခန်းအတွင်းရှိ လူများအားလုံးအတွက် သတင်းအချက်အလက်များကို စနစ်တကျ စုဆောင်းခြင်းနှင့် အားလုံးမှ လက်လှမ်းမီရရှိနိုင်ရန် ဆောင်ရွက်ခြင်းများလည်း အကျုံးဝင်သည်။
- စခန်းအဆင့်ရှိ သတင်းအချက်အလက်များကို ရှာဖွေစုဆောင်း၊ လေ့လာဆန်းစစ်၍ ပြန်လည်ဖြန့်ချိရာတွင် နိုင်ငံအဆင့် သတင်းအချက်အလက် စီမံခန့်ခွဲရေး နည်းဗျူဟာများနှင့်အညီ ဖြစ်စေရန် ဆောင်ရွက်ရမည်။ လက်တွေ့လုပ်ကိုင်ဆောင်ရွက် နေသူများစွာတို့အတွက် မှန်ကန်သင့်လျော်ပြီး လက်လှမ်းမီသော သတင်းအချက်အလက်များ ဖြစ်စေရန်အတွက် အားလုံး မျှဝေသုံးစွဲနိုင်သော စနစ်နှင့် နည်းလမ်းများဖြစ်စေရန် ဆောင်ရွက်ရသည်။ စနစ်တကျ ကောက်ယူစီမံနိုင်ပါက သတင်းအချက် အလက်များသည် စခန်းတစ်ခုအတွင်း၌လည်းကောင်း၊ စခန်းများအကြားတွင်လည်းကောင်း ထောက်ပံ့ကူညီရေးနှင့် ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ စံနှုန်းများကို ပိုမို မြင့်မားပြီး တသမတ်တည်းလိုက်နာကျင့်သုံးနိုင်စေရန် ကူညီပေးနိုင်သည်။ ထို့ပြင်

ကနဦး ပြန်လည် ထူထောင်ရေး နှင့် ရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းများကိုပါ အထောက်အပံ့ဖြစ်စေနိုင်သည်။

- စခန်းအဆင့် သတင်းအချက်အလက်စီမံခန့်ခွဲခြင်းတွင် စခန်းလူထုကို ပါဝင်စေခြင်းနှင့် ၎င်းတို့အတွက် တာဝန်ခံ ယူမှုရှိခြင်း၊ အားလုံးပါဝင်ပြီး စခန်းနေသူများကိုယ်တိုင် ပါဝင်ဆုံးဖြတ်နိုင်သော၊ တာဝန်ခံယူမှုရှိသော လုပ်ထုံး လုပ်နည်းများကို လိုက်နာဆောင်ရွက်ခြင်းတို့သည် အကောင်းဆုံးအလေ့အကျင့်များပင်ဖြစ်သည်။ အထူးအကဲဆတ်သော အချက်အလက်များနှင့် သတင်းများကို ဂရုတစိုက် ထိန်းသိမ်းကိုင်တွယ်ခြင်းသည်လည်း သတင်း အချက်အလက် မပေါက်ကြားအောင်ထိန်းသိမ်းခြင်း၊ ကိုယ်ရေးအချက်အလက်များကို ကာကွယ်ခြင်း နှင့် လုံခြုံ စေခြင်းဆိုင်ရာ အခြေခံ သဘောတရားများအပေါ်တွင် အခြေခံပြီး နေရပ်စွန့်ခွာရသူများ၏ လုံခြုံရေးကို အမြဲတမ်း အာမခံချက်ပေးနိုင်ရမည်။

## မိတ်ဆက်

စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏အခန်းကဏ္ဍတွင် သတင်းလမ်းကြောင်းများကို ကူညီပံ့ပိုးခြင်း၊ စခန်းအတွင်းနေထိုင်သူများ၊ စခန်းတွင်းမှ အဖြစ်အပျက်များနှင့် စခန်းပြင်ပရှိ သက်ဆိုင်ပတ်သက်သူများကို လိုအပ်သလို ချိတ်ဆက်ပေးခြင်း တို့ ပါဝင်သည်။ အခြားသက်ဆိုင်သူများထဲတွင် စခန်းရှိရာဒေသမှ အိမ်ရှင်လူထု၊ ဝန်ဆောင်မှုပေးသူများ၊ ကာကွယ် စောင့်ရှောက်ရေးအေဂျင်စီများ၊ နိုင်ငံအာဏာပိုင်အဖွဲ့များနှင့် အစုအဖွဲ့ကဏ္ဍ ဦးဆောင်အေဂျင်စီနှင့် OCHA တို့ကဲ့သို့ စခန်းများအကြား ညှိနှိုင်းပေးသော အဖွဲ့အစည်းများ ပါဝင်နိုင်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင် ပါဝင် ပတ်သက်သူများအားလုံးနှင့် သက်ဆိုင်သော၊ အားလုံးအတွက် လိုအပ်သော သတင်းအချက်အလက်များနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်းနှင့် ခြုံငုံသုံးသပ်ခြင်းများကို ဆောင်ရွက်နိုင်ရမည်။ ညှိနှိုင်းအစည်းအဝေးများတွင် သတင်းအချက် အလက် များကို ပွင့်လင်းမြင်သာစွာနှင့် တာဝန်ယူမှုရှိစွာဖြင့် ဖြန့်ချိပေးရမည်ဖြစ်သော်လည်း လျှို့ဝှက်ချက်များ မပေါက်ကြားရန်နှင့် သတင်းများ လုံခြုံစိတ်ချရရေးကိုလည်း အမြဲတမ်း ဂရုစိုက်ရမည်။

ထောက်ပံ့မှုနှင့် ကာကွယ်စောင့်ရှောက်မှုအစီအစဉ်များနှင့် စခန်းအတွင်းရှိ လူနေမှုအဆင့်အတန်းတို့ကို စောင့်ကြည့် ကြီးကြပ်ခြင်းအားဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ထောက်ပံ့မှုဆိုင်ရာ လိုအပ်ချက်များကို ဖော်ထုတ်ခြင်း၊ လုပ်ငန်းများ ထပ်နေခြင်းကို ရှောင်ရှားခြင်းနှင့် နောက်ထပ်လိုအပ်သော ထောက်ပံ့မှုများနှင့် ပြောင်းလဲထောက်ပံ့ရန် လိုအပ်ချက်တို့ကို တောင်းဆိုခြင်း စသည်တို့ကို ဆောင်ရွက်နိုင်သည်။ စခန်းအတွင်းရှိ ဘဝများနှင့်ပတ်သက်ပြီး ဆီလျော်တိကျသော သတင်း အချက်အလက်များကို မျှဝေပေးခြင်းဖြင့် စံနှုန်းများကို ထိန်းသိမ်းလိုက်နာရေးနှင့် နေရပ်စွန့်ခွာရသူများ၏ အခြေခံ ရပိုင်ခွင့်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးများကို အာမခံနိုင်ရန်အတွက် စခန်းရှိ အခြားမိတ်ဖက်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ကို အဓိက ကူညီပံ့ပိုးနိုင်မည် ဖြစ်သည်။

### သတင်းအချက်အလက် စီမံခန့်ခွဲခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

အစည်းအဝေးများနှင့် အစီအစဉ် ပူးပေါင်းရေးဆွဲမှုများဆိုသည်မှာ သတင်းအချက်အလက်များကို ဖလှယ်ပြီး ၎င်းအပေါ် အခြေခံ၍ ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ သတင်းအချက်အလက် စီမံခန့်ခွဲခြင်းနှင့် ထိရောက်သည့် ညှိနှိုင်းဆောင် ရွက်ခြင်းတို့အကြား ကြားခံဆက်စပ်ပေးခြင်းစသည့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကအကျဆုံး တာဝန်ဝတ္တရားနှစ်ခုကို ဆောင်ရွက်ခြင်း ဖြစ်သည်။

သတင်းအချက်အလက်စီမံခန့်ခွဲမှုတွင် စခန်းလူထုနှင့် အခြားသက်ဆိုင်ပတ်သက်သူများ အားလုံးအတွက်လည်း ၎င်းတို့၏ ဘဝနှင့်သက်ဆိုင်သော သတင်းများကို အချိန်နှင့်တပြေးညီ သင့်လျော်စွာ ထုတ်ပြန်ပေးခြင်းပါဝင်သည်။ သတင်း အချက်အလက်များ လက်လှမ်းမီရရှိရေးသည် အလွန်အရေးပါသောလိုအပ်ချက်ဖြစ်၍ စခန်းစီမံခန့်ခွဲရေးကော်မတီအနေနှင့် စခန်းလူထုနှင့် ပွင့်လင်းမြင်သာ၍ ထိရောက်သော အပြန်အလှန် သတင်းဖလှယ်ရေးစနစ်ကို တည်ထောင်ပံ့ပိုးပေးနိုင်ရန်နှင့် အကြံပြုတုံ့ပြန်ချက်များရယူပြီး နှင့် ဆက်လက် အရေးယူဆောင်ရွက်ပေးမှုစနစ် များကိုပါ ပါဝင်စေရန် တာဝန်ခံယူမှု ရှိရမည်။

သတင်းအချက်အလက်စီမံခန့်ခွဲမှုတွင် စခန်းတွင်နေထိုင်သူများအား ၎င်းတို့၏ နေထိုင်မှုအဆင့်အတန်း၊ အခြေခံရပိုင်ခွင့် များ၊ ဝန်ဆောင်မှုနှင့် ထောက်ပံ့ကူညီမှုများအပေါ် သက်ရောက်စေမည့် လုပ်ငန်းစဉ်များ၊ လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းများနှင့် ပတ်သက်၍လည်း သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရသည်။ ထိုတာဝန်ခံယူမှု၏ တစ်စိတ်တပိုင်း

အနေနှင့် စခန်းလူထုအား မည်သည့်သတင်းအချက်အလက်များကို ကောက်ယူသည်၊ မည်သည့် ရည်ရွယ်ချက် များအတွက် အသုံးပြုသည်နှင့် မည်သည့်ရလဒ်များကို လက်တွေ့ကျကျ မျှော်လင့်နိုင်မည် စသည်တို့ကို ရှင်းပြခြင်းလည်း ပါဝင်သည်။ သတင်းအချက်အလက်စီမံခန့်ခွဲရေး၏ အကောင်းဆုံး အလေ့အထများထဲတွင် စခန်းလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက် နိုင်သည့် ဖိုရမ်များနှင့် စနစ်များ တည်ထောင်ခြင်း၊ ယင်းတို့မှတစ်ဆင့် အပြန်အလှန် သတင်းဖလှယ်ခြင်းကို လက်တွေ့ဆောင်ရွက်စေခြင်း စသည်တို့လည်းပါဝင်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဦးတည်အုပ်စု၊ အင်တာဗျူးများ၊ အစည်းအဝေးများနှင့် တုံ့ပြန်အကြံပြုစနစ်များ စသော စခန်းလူထု ပူးပေါင်းပါဝင်သည့် ဆန်းစစ်နည်းလမ်းများအားဖြင့် စခန်းလူထု၏ အမြင်များကို ထည့်သွင်း စဉ်းစားပြီး ၎င်းတို့၏ လိုအပ်ချက်များ၊ မျှော်မှန်းချက်များ၊ တုံ့ပြန်ချက်များနှင့် မေးခွန်းများကို ထည့်သွင်း စဉ်းစားသွားနိုင်မည်ဖြစ်သည်။

### သတင်းအချက်အလက်စီမံခန့်ခွဲရေးအဘယ့်ကြောင့် အရေးပါရသနည်း

ညှိနှိုင်းဆောင်ရွက်ရေးကို အထောက်အကူဖြစ်စေရန် အကောင်အထည်ဖော်သော သတင်းအချက်အလက စီမံခန့်ခွဲရေး စနစ်တစ်ခုတွင် သက်ဆိုင်သူများအားလုံးသည် တူညီပြီး တိကျခိုင်မာသော၊ အချိန်နှင့်တပြေးညီဖြစ်သော သတင်း အချက် အလက် သို့မဟုတ် အခြေခံထားရမည့် အချက်အလက်များ ကိုယ်စီရှိနေကြရမည်ဖြစ်သည်။ သတင်း အချက်အလက် စီမံခန့်ခွဲရေးသည် ရှင်းလင်းတင်ပြအရေးဆိုမှုများနှင့် စီမံကိန်းလုပ်ငန်းများ အပေါ်တွင်လည်း သက်ရောက်မှုရှိနိုင်သည်။ အရေးပေါ်ကာလတွင် သင့်လျော်စွာ ကောက်ယူစုဆောင်းပြီး စီမံခန့်ခွဲနိုင်သော သတင်းအချက်အလက်များမှတစ်ဆင့် ကနဦးပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ နောက်ဆက်တွဲ ဖွံ့ဖြိုးရေးနှင့် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုပါ အထောက်အပံ့ ဖြစ်စေနိုင်သည်။

☛ ညှိနှိုင်းဆောင်ရွက်ရေးနှင့်ပတ်သက်သော အချက်အလက်များကို ပိုမိုသိရှိလိုပါက - အခန်း (၄) ညှိနှိုင်းဆောင်ရွက်ခြင်း- တွင် ကြည့်ပါ။

### အဓိက အရေးကိစ္စများ

သတင်းအချက်အလက်စီမံခန့်ခွဲခြင်းတွင် သတင်းအချက်အလက်ကာကွယ်ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားရန်လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ သတင်းအချက်အလက်များကိုကောက်ယူခြင်းသည် ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့အတွက် ဦးတည်အုပ်စုသတ်မှတ်ရာတွင် မရှိမဖြစ်အရေးပါသည်။ သို့ရာတွင် လူပုဂ္ဂိုလ်ဆိုင်ရာ သတင်းအချက်အလက်များကို တာဝန်မဲ့စွာ စီမံခန့်ခွဲပါက ၎င်းတို့အတွက် ကြီးမားစွာ ဘေးသင့်စေနိုင်သလို တစ်ကိုယ်ရည်လွတ်လပ်ခွင့်ကို ထိပါးနိုင်စေမည့် အလားအလာများလည်း ပေါ်ပေါက်လာနိုင်သည်။ စခန်းတွင်နေထိုင်ကြသော နိုင်ငံဖြတ်ကျော် ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများ၏ အကျိုးအတွက် သတင်းအချက်အလက်များကို ကောက်ယူ စုဆောင်း၊ မျှဝေခြင်းနှင့် ၎င်းတို့၏ သတင်းအချက်အလက်များကို မလျော်မကန်အသုံးပြုခံရခြင်းတို့မှ ကာကွယ်ပေးရေး ဟူသော တာဝန်နှစ်ရပ်အကြားတွင် မှန်ကန်သောဟန်ချက် ရှိရန်အတွက် အောက်ပါအခြေခံစည်းမျဉ်းများကို လိုက်နာရန် လိုအပ်သည်။

- မည်သို့သော သတင်းအချက်အလက်များ ကောက်ယူစုဆောင်းမည်ကို မဆုံးဖြတ်မီ မည်သည့်အတွက်ကြောင့် ထိုအချက်အလက်များကို လိုအပ်ခြင်းဖြစ်ကြောင်း ဂရုတစိုက်ဆန်းစစ်ရမည်။ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရည်ရွယ်ချက်တစ်ရပ်ရပ်ကို သီးခြားဖြည့်ဆည်းပေးသော သတင်းအချက်အလက်များနှင့် သတင်းပေးသူ အပါအဝင် မည်သူ တစ်ဦးတယောက်ကိုမှ ဘေးအန္တရာယ် မကျရောက်စေမည့် သတင်းများကိုသာ ကောက်ယူ သင့်သည်။
- ကိုယ်ရေးအချက်အလက်များနှင့် သတိထားသင့်သည့် သတင်းအချက်အလက် အမျိုးအစားများကို ကြိုတင်ခွဲခြား သတ်မှတ်ထားပြီး အချက်အလက်ကောက်ယူခြင်းနှင့် ပြန်လည်မျှဝေခြင်းတို့တွင် သီးခြား ပြဋ္ဌာန်းထားသော သတင်းအချက် အလက် ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရမည်။
- သတင်းအချက်အလက်ကောက်ယူသည့်ပုံစံသည် ပုဂ္ဂလိက လုံခြုံရေးနှင့် ကိုယ်ရေးလွတ်လပ်ခွင့်တို့ကို ထိပါးနိုင် သဖြင့် သတင်းအချက်အလက်လုံခြုံရေးကို အထူးဂရုပြုသော ကောက်ယူမှုပုံစံများကို အသုံးပြုရမည်။
- လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ အချင်းချင်းကြားတွင် သတင်းအချက်အလက်များကို မည်သို့ မျှဝေမည် နှင့် မည့်သည့်အတွက်ကြောင့် မျှဝေရန်လိုအပ်ကြောင်းကို အတိအကျ သဘောတူညီထားရမည်။ ကြိုတင်သတ်မှတ်ထားသော

ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရည်ရွယ်ချက်တစ်ခုအတွက် အထောက်အကူ ဖြစ်စေမည့် သတင်းအချက်အလက်များကိုသာ မျှဝေသင့်သည်။

- ➔ အခြေခံအားဖြင့် ကိုယ်ရေးသတင်းအချက်အလက်များကို သက်ဆိုင်ရာ ကာယကံရှင်၏ ခွင့်ပြုချက်ဖြင့်သာ ပြန်လည်မျှဝေပေးသင့်သည်။ ထိုသို့ တစ်ဆင့်ပြန်လည် မျှဝေပေးလိုသောအချက်ကိုလည်း သတင်းအချက် အလက် စတင်ကောက်ယူချိန်ကတည်းက သက်ဆိုင်ရာ ကာယကံရှင်ကို အသိပေးရှင်းပြထားရန် လိုသည်။
- ➔ မပေါက်ကြားသင့်သော သတင်းအချက်အလက်များ လုံခြုံစိတ်ချရရေးအတွက် လိုအပ်သောစနစ်များဖြစ်သည့် လုံခြုံပြီး သော့ခတ်ထားနိုင်သော အခန်းများ၊ အီလက်ထရောနစ် မှုပွားများ၊ စကားဝှက်များနှင့် ကန့်သတ် ပိတ်ပင်ထားမှုများ စသည်တို့ကို အဆင့်သင့် ပြင်ဆင်ထားရှိရမည်။ လျှို့ဝှက်အပ်သော သတင်းအချက်အလက် များကို ထင်ရှားစွာ ခွဲခြားမှတ်သားထားရမည်။ လိုအပ်ပါက ကိုယ်ရေးသတင်းအချက်အလက်များကို ဖယ်ရှားထားခြင်း သို့မဟုတ် အမည်နာမ မဖော်ထုတ်နိုင်စေရန်အတွက် သင်္ကေတ (ကုတ်) များဖြင့် အစားထိုး ခြင်းစသည်တို့ကို ဆောင်ရွက်ထားသင့်သည်။ အရေးပေါ် နေရာပြောင်းရွှေ့ခြင်း သို့မဟုတ် စခန်းဖျက်သိမ်းခြင်း များ ဆောင်ရွက်သည့်အခါတွင် သတင်းအချက်အလက်များကို ကာကွယ်ထိန်းသိမ်းခြင်း သို့မဟုတ် ဖျက်ဆီး ပစ်ခြင်းအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းစွာ ပြဋ္ဌာန်းထားသင့်သည်။
- ➔ အန္တရာယ်ဖြစ်နိုင်ခြေအတွက် ဆန်းစစ်ချက်ကို ဆောင်ရွက်ထားရမည်။ သတင်းအချက်အလက်အမျိုးအစားကို လိုက်၍ ကြုံတွေ့ရနိုင်သော ဘေးအန္တရာယ်အမျိုးအစားများ ကွဲပြားလေ့ရှိရာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေနှင့် အခြား လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့်တွေ့ဆုံပြီး သက်ဆိုင်ရာ ဘေးအန္တရာယ်အမျိုးအစား အလိုက် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ကို စီစဉ်ဆောင်ရွက်ထားသင့်သည်။
- ➔ လုပ်ထုံးလုပ်နည်းများကို သဘောတူညီထားရန် - အဖွဲ့အစည်းများအနေနှင့် သတင်းအချက်အလက် စုဆောင်း ခြင်း၊ အချက်အလက် စုစည်းထည့်သွင်းခြင်း၊ သိမ်းဆည်းခြင်း အချက်အလက်များ ရယူပိုင်ခွင့်နှင့် ပြန်လည် ထုတ်ယူခြင်းနှင့် ဖြန့်ဝေခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဘေးအန္တရာယ် အနည်းဆုံးဖြစ်စေမည့် လုပ်ငန်းစဉ်များကို သဘောတူထားသင့်သည်။ ထို့အပြင် မည်သည့် သတင်းအချက်အလက်များကို ကန့်သတ်အနေနှင့် ဆက်လက် ထားရှိသင့်သည်ကိုလည်း ပူးပေါင်းဆုံးဖြတ်ရမည်။

### သတင်းအချက်အလက်မျှဝေခြင်း

စခန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များအားလုံးသည် သတိပြုရမည့် ထိခိုက်လွယ်သော အချက်များ ဖြစ်သည်နှင့်အညီ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ထိုသတင်းများကို မည်သို့မျှဝေသည်၊ မည်သည့်သတင်းများကို၊ မည်သူ့ထံသို့၊ မည်သည့်ရည်ရွယ်ချက်ဖြင့် မည်သည့်အချိန်တွင်မျှဝေမည် စသည်တို့ကို ကောင်းစွာ သိနားလည်ထား ရမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေနှင့် နေရပ်စွန့်ခွာဒုက္ခသည်များ၏ အကျိုးစီးပွားကို အမြဲ ရှေ့တန်းတင်ထားရန် လိုပြီး သတင်းအချက်အလက်များကို

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - အန္တရာယ်မဖြစ်စေရေး (Do No Harm) နှင့် သတင်းအချက်အလက် လုံခြုံရေး

၎င်းတို့၏ ကာကွယ်စောင့်ရှောက်မှုအခြေအနေ စောင့်ကြည့်ရေးစနစ်နှင့်ပတ်သက်ပြီး စခန်းစီမံခန့်ခွဲမှုအေဂျင်စီတစ်ခုက ရေးသားသောအစီရင်ခံစာတွင် အောက်ပါအတိုင်း မှတ်တမ်းတင်ထားရှိသည်။

"တစ်ဦးချင်း လူတွေ့မေးမြန်းမှုများ၊ ဦးတည် အုပ်စုဆွေးနွေးပွဲများတွင် ဘေးအန္တရာယ်ကျရောက်ရန် အလွယ်ဆုံးအုပ်စုများ၊ ဆွေးနွေးတိုင်ပင်မှုများတွင် မကြာခဏ ဆိုသလို ဘေးဖယ်ထားခြင်းခံရသော လူပုဂ္ဂိုလ်နှင့် အုပ်စုများ စသည်တို့ကို အဓိကဦးစားပေးရမည်။ ဥပမာအားဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ ဆင်းရဲသော မိသားစုများ၊ လူနည်းစု ဝင်များနှင့် မသန်စွမ်းသူများကဲ့သို့ ဘေးအန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသောသူများကို ဦးစားပေးရမည်ဖြစ်သည်။

သတင်းအချက်အလက်များကို မှတ်တမ်းတင်သည့်အဆင့်တိုင်းတွင် အသက်ရှင်ကျန်ရစ်သူများနှင့် မျက်မြင်

သက်သေများ မည်သူမည်ဂါ ဖြစ်ကြောင်းအပါအဝင် သတင်းအချက်အလက် လုံခြုံရေးကို အထူးကာကွယ်ထားသည်။ ကုတ်စနစ်နှင့် စကားဝှက်စနစ်များ အသုံးပြုခြင်း၊ လူပုဂ္ဂိုလ်များ မည်သူမည်ဂါဖြစ်သည်ကို ဖော်ပြထားသော ဖိုင်များနှင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များပါဝင်သော ဖိုင်များကို ခွဲခြားထားခြင်းစသည်တို့ကိုလည်း ဆောင်ရွက်သည်။ ယင်းတို့မှာ သတင်းအချက်အလက်လုံခြုံရေးအတွက် ဆောင်ရွက်သော ပုံမှန်လုပ်ရိုးလုပ်စဉ်များထဲမှ အချို့ဖြစ်သည်။ အစီရင်ခံစာ စာရွက်စာတမ်းများကို လုံခြုံစိတ်ချစွာ ဖိုင်တွဲထားနိုင်ရန်အတွက် UNHCR ရုံးသို့ ချက်ချင်းလွှဲပြောင်းပေးပို့သည်။ စောင့်ကြည့်လေ့လာရေးအဖွဲ့များသည် လူတွေ့မေးမြန်းခြင်းနည်းစနစ်များနှင့် အန္တရာယ်မဖြစ်စေရေး (Do No Harm) စည်းမျဉ်းများအပါအဝင် သိထားသင့်သည့်အချက်များအတွက် နှစ်ပတ်ကြာ သင်တန်းကို အရင် တက်ရောက်ကြရသည်။ ၎င်းတို့သည် ပြန်လည်ဆန်းစစ်သည့် အလုပ်ရုံဆွေးနွေးပွဲများကို မကြာခဏတက်ရောက်ကြရပြီး အသက်ရှင်ကျန်ရစ်သူများ၏ အကောင်းဆုံးအကျိုးစီးပွားနှင့် သက်ဆိုင်ရာ ရပ်ရွာလူထု၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာတို့ကို အမြဲတမ်းဦးစားပေး ဆောင်ရွက်ကြရသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် စခန်းညှိနှိုင်းဆောင်ရွက်ရေးအေဂျင်စီတို့၏ တာဝန်ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ဒေသခံအာဏာပိုင်များ နားလည်သဘောပေါက်နေစေရန်အတွက် အချိန်မှန်ဆောင်ရွက်သည့် အသိပေး အစည်းအဝေး (Seminar) များဖြင့် သတင်းအချက်အလက်များ ပေးနေရန် လိုအပ်သည်။"

## လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ

သတင်းအချက်အလက်စီမံခန့်ခွဲခြင်းသည် မည်သည့်စခန်းတွင်မဆို အလွန်အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကလုပ်ငန်းရပ်များတွင် အောက်ပါတို့ပါဝင်သည်။

- ➔ စခန်းလူထု၊ စခန်းခေါင်းဆောင်များနှင့် ကော်မတီများ၊ ဝန်ဆောင်မှုပေးသူများ၊ အိမ်ရှင်လူထု၊ ဒေသရှိ အာဏာပိုင်အဖွဲ့အစည်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို စခန်းအဆင့်၌ ကောက်ယူ စုဆောင်းခြင်း၊ တိုက်ရိုက်လေ့လာစူးစမ်းခြင်းနှင့် စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်းများ
- ➔ စခန်းနေသူများ၏ လိုအပ်ချက်များနှင့် ရပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး စခန်းရှိ ကာကွယ်စောင့်ရှောက်ရေးနှင့် ထောက်ပံ့ကူညီရေး ဆိုင်ရာ စံနှုန်းများကို ဆန်းစစ်လေ့လာခြင်း
- ➔ စခန်းလူထု၊ ဝန်ဆောင်မှုပေးသူများ၊ အိမ်ရှင်လူထု၊ အစုအဖွဲ့ကဏ္ဍဦးဆောင်အေဂျင်စီများ၊ နိုင်ငံအာဏာပိုင် အဖွဲ့အစည်းများအတွက် သတင်းအချက်အလက်များဖြန့်ချိပေးခြင်း

စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် အဖွဲ့အစည်းအတွင်း သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ခံတစ်ဦး ထားရှိ သင့်သည်။ သတင်းအချက်အလက်စီမံခန့်ခွဲရေး၏ အကောင်းဆုံးအလေ့အထများ၊ သဘောတရားများ၊ လုပ်ထုံးလုပ်နည်းများကို သိနားလည်ထားရန်လိုပြီး စခန်းအဆင့်နှင့် စခန်းပြင်ပ ဆက်ဆံရေးများတွင် ရှိနေသောကိစ္စရပ်များ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများအကြောင်းကို နားလည်ထားရမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကျယ်ပြန့်စွာ သဘောတူညီမှုရယူထားသည့် အချက်အလက်စီမံခန့်ခွဲမှုစနစ်၏ လိုအပ်ချက်များနှင့် ကိုက်ညီမည့်စနစ်များနှင့် စွမ်းဆောင်ရည်များ လုံလောက်စွာ ရှိနေစေရန် ဆောင်ရွက်ရမည်။ သို့မှသာ လက်လှမ်းမီမှု၊ စနစ်များအချင်းချင်း ထပ်တူကျမှု၊ ဆီလျော်မှု၊ အချိန်ကိုက်ဖြစ်မှုနှင့် အချက်အလက်မပေါက်ကြားမှုတို့ကို တာဝန်ခံနိုင်မည်ဖြစ်သည်။

## အချက်အလက် နှင့် သတင်းများ ကောက်ယူစုဆောင်းခြင်း

ဆန်းစစ်လေ့လာမှုမှတစ်ဆင့် ကောက်ယူသောအချက်အလက်များအား တိကျ၍ဆက်စပ်မှုရှိပြီး၊ ရှင်းလင်း၍ အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်မည့် နည်းလမ်းများဖြင့် မှတ်တမ်းတွင် ထည့်သွင်းသိမ်းဆည်းထားရမည်။ အချက်အလက်များအား ကောက်ယူရသည့် အကြောင်းရင်းနှင့် မည်သို့ တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းများရှိသည်ကို လူတိုင်းအား ရှင်းပြထားရမည်ဖြစ်သည်။ သို့မှသာ စခန်းနေသူများ၏ မျှော်လင့်ချက်များကို စနစ်တကျ စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။

မူရင်းအချက်အလက်များကို စခန်းလူထုထံမှ တိုက်ရိုက်ကောက်ယူခြင်းအားဖြင့်လည်းကောင်း၊ စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် ဝန်ဆောင်မှုပေးသောအဖွဲ့အစည်းများမှ တိုက်ရိုက်ကြည့်ရှုလေ့လာခြင်းအားဖြင့်လည်းကောင်း ရရှိနိုင်သည်။ တစ်ဆင့်ခံ အချက်အလက်များကိုမူ အခြားသော လူသားချင်းစာနာထောက်ထားသည့် အဖွဲ့အစည်းများမှရရှိပြီး ပြန်လည် ဆက်စပ်ကာ

ဆန်းစစ်သုံးသပ်ချက်အသစ်များပေါ်ထွက်လာအောင် ဆောင်ရွက်ရသည်။ ဥပမာအားဖြင့် အစုအဖွဲ့ကဏ္ဍ ဦးဆောင်အဖွဲ့သည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ကနဦးကောက်ယူထားသော အချက်အလက်များကို ပြန်လည်စုဆောင်း ကောက်ယူလေ့ရှိသည်။

## စခန်းနှင့်ပတ်သက်၍ မည်သည့်အချက်အလက်နှင့် သတင်းများ လိုအပ်သနည်း

သတင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းစဉ်အသစ်တစ်ခုကို မစတင်မီ လက်ရှိရှိပြီးသား သတင်းအချက်အလက်များနှင့် သုံးသပ်ချက်များကို စာရင်းပြုစုခြင်းကို အရင်ဆောင်ရွက်သင့်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဆန်းစစ်လေ့လာခြင်းနှင့် အချက်အလက်စုဆောင်းခြင်းများတွင် နှစ်ခါပြန်ဆောင်ရွက်မိခြင်းကိုရှောင်လွှဲနိုင်မည့်အပြင် စခန်းလူထုအား မေးခွန်းတစ်ခုတည်းကို ထပ်ပြန်တလဲလဲ မေးမိမည့်အခြေအနေမှလည်း ရှောင်ရှားနိုင်မည်ဖြစ်သည်။ စခန်းနှင့်ပတ်သက်သည့် အဖွဲ့အစည်းများကြားတွင် ထိုသို့သော ညှိနှိုင်းဆောင်ရွက်မှုများဖြစ်ပေါ်စေရန် တိုက်တွန်းနှိုးဆော်ခြင်းနှင့် ပံ့ပိုးကူညီ ပေးခြင်းသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကကျသော အခန်းကဏ္ဍ တစ်ရပ်ပင်ဖြစ်သည်။

> **ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - အရေးပေါ်အခြေအနေစတင်ဖြစ်ပေါ်ချိန်တွင် စခန်း၏အခြေခံ အချက်အလက်များကို စုစည်းခြင်း**
>
> မြန်မာနိုင်ငံ ကချင်ပြည်နယ်ရှိ လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများသည် ၂၀၁၁ ခုနှစ် ဇွန်လတွင် စိန်ခေါ်မှု တစ်ခုကို စတင်ရင်ဆိုင်ရသည်။ အရေအတွက် တစ်သိန်းခန့်ရှိသော စစ်ဘေးရှောင် နေရပ်စွန့်ခွာဒုက္ခသည်များသည် ရာနှင့် ချီသော စခန်းများ၌ ပျံ့နှံ့ရောက်ရှိသွားကြသည်။ အရေးပေါ်အခြေအနေ စဖြစ်ဖြစ်ချင်းတွင် လူသားချင်းစာနာ ထောက်ထားမှုအဖွဲ့များသည် အချက်အလက်များ ကောက်ယူခြင်းနှင့် ထောက်ပံ့ကူညီမှုများ ပေးအပ်ခြင်းကို တစ်ဦးတစ်ဖွဲ့ ချင်းစီ အနေဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ရပ်ရွာခေါင်းဆောင်များကို အဖွဲ့အစည်းများစွာက တူညီသောမေးခွန်းများကို လာရောက်မေးမြန်းခဲ့ကြပြီး ထိုအချက်များပေါ် မူတည်၍ အချင်းချင်း ရှေ့နောက်မညီသော အချက်အလက်များကို သတင်းပို့ အစီရင်ခံကြသည်။ စခန်းဟူသော ဝေါဟာရ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုပင် အချင်းချင်း ဆွေးနွေးသဘောတူညီမှု များမရှိသောကြောင့် အခြေအနေကို ပိုမိုရှုပ်ထွေးသွားစေသည်။ ထို့ကြောင့် စခန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုအစုအဖွဲ့ (CCCM) က သက်ဆိုင်သူအားလုံးကို အစည်းအဝေးများခေါ်ယူပြီး သတင်းအချက်အလက် စီမံ ခန့်ခွဲရေးနှင့်ဆိုင်သော ကိစ္စများကို ဆွေးနွေးစေသည်။ ထိုမှတစ်ဆင့် သတင်းအချက်အလက် စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်း အဖွဲ့ကို တည်ထောင်ပြီး ရိုးရှင်းသော စခန်းသတင်းအချက်အလက်ဖြည့်သည့်ပုံစံတစ်ခုကို တီထွင်ကာ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းအသီးသီး၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခဲ့သည်။ တပြိုင်နက်တည်းမှာပင် စခန်းတွင် နေထိုင်ကြ သူများ၏ စစ်မှန်သောအသံကို ဖော်ထုတ်နိုင်ရန်လည်း ဆောင်ရွက်နိုင်ခဲ့သည်။ (CCCM က ပြုစုသော) စခန်းတစ်ခုစီ၏ အခြေခံအချက်အလက်ပုံစံ နှင့် (OCHA က ပြုစုသော) စခန်းအများအတွက် အခြေခံအချက်အလက်ပုံစံ တို့ဖြင့် နေရပ် စွန့်ခွာရသူများနှင့် အရေးပေါ်အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ နှစ်ဦးနှစ်ဘက်စလုံးအတွက် ဝန်ဆောင်မှု၊ လိုအပ် ချက်များ၊ လူဦးရေစာရင်းများနှင့် ဦးစားပေးလိုအပ်ချက်များစသည့် သတင်းအချက်အလက်များကို ပေးနိုင်ခဲ့သည်။

အောက်ပါသတင်းအချက်အလက်များကို စခန်းအဆင့်တွင် ကောက်ယူရန်လိုအပ်ပြီး စခန်းစီမံခန့်ခွဲမှု အေဂျင်စီ၊ စခန်းလူထု နှင့် အခြား သက်ဆိုင်ပတ်သက်သူများအားလုံးအတွက် ထိရောက်စွာ ဆုံးဖြတ်ချက် ချရာတွင် ထည့်သွင်းစဉ်းစားရသည်။

- မိသားစုများနှင့် လူတစ်ဦးချင်းစီအတွက် စာရင်းသွင်းထားသော အချက်အလက်များ- ယင်းတွင် စခန်းလူထု အားလုံး၏ စုစုပေါင်းအရေအတွက်၊ အမျိုးအစား (နိုင်ငံဖြတ်ကျော်၊ ပြည်တွင်းနေရပ်စွန့်ခွာ၊ နိုင်ငံမဲ့)၊ အသက် အရွယ်၊ ကျား/ မ နှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များပါဝင်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အခြေအနေအားလုံးတွင် စာရင်းသွင်းခြင်းနှင့် အခြေခံအချက်အလက်များကောက်ယူခြင်းတို့အတွက် တာဝန်မရှိ သော်လည်း နောက်ဆုံးအခြေအနေ သတင်းများရရှိရေးအတွက် ကူညီပံ့ပိုးပေးရန် ၎င်းတို့ကို တာဝန်ပေးလေ့ ရှိသည်။
- ဘေးအန္တရာယ် ကျရောက်လွယ်သောအုပ်စုများနှင့် လူများအတွက် သတင်းအချက်အလက်များ - ယင်းတွင် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ မသန်စွမ်းသူများ၊ စစ်ပြန်များနှင့် HIV/AIDS ရောဂါရှင်များ ပါဝင်သည်။
- စခန်းရှိ ဝန်ဆောင်မှုများ၊ စံနှုန်းများနှင့် လုပ်ငန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ- ယင်းတွင် ရေနှင့်

သန့်ရှင်းရေး၊ နေထိုင်စရာ၊ စားနပ်ရိက္ခာ၊ လူသုံးပစ္စည်းများ၊ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်း ကျောင်းနှင့် ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးနှင့် အထူးလိုအပ်ချက်ရှိသူများအတွက် အစီအစဉ်များ၊ ဖြန့်ဝေရေးနှင့် မှတ်ပုံတင်စာရင်း သွင်းခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်သော သတင်းအချက်အလက်များ ပါဝင် သည်။

- စခန်းလုံခြုံရေးနှင့် ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေး ကျိုးပေါက်သော ဖြစ်ရပ်များ- ယင်းတွင် တရားဥပဒေ စိုးမိုးမှု ပျက်ယွင်းခြင်း၊ စခန်းကို လက်နက်ကိုင်များက စီးနင်းခြင်း၊ လွတ်လပ်စွာ သွားလာခွင့်ကို ပိတ်ပင်ခြင်း၊ အမျိုးသမီး များအပေါ် အကြမ်းဖက်မှုနှင့် လုံခြုံရေးဆိုင်ရာ အညွှန်းကိန်းများပြောင်းလဲခြင်း စသည်တို့ပါဝင်သည်။
- စခန်းစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ထုံးလုပ်နည်းများနှင့် စနစ်များနှင့်ပတ်သက်သော သတင်းအချက်အလက်များ- ယင်းတွင် ခေါင်းဆောင်မှုအဆင့်များ၊ ကိုယ်စားပြုမှုနှင့် ပူးပေါင်းပါဝင်မှု၊ ညှိနှိုင်းဆောင်ရွက်ရေး ဖိုရမ်များနှင့် စနစ်များ၊ ညွှန်းပို့စနစ်များနှင့် လုပ်ထုံးလုပ်နည်းများ၊ တာဝန်ခံယူမှုအဆင့်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များပါဝင်သည်။ ထို့အပြင် အခြား ကဏ္ဍစုံနှင့် သက်ဆိုင်သော ကိစ္စရပ်များဖြစ်သည့် ကျားမလူမှုရေးရာနှင့် အထူးလိုအပ်ချက်ရှိသူများကို ကာကွယ်စောင့်ရှောက်ရေးတို့နှင့် သက်ဆိုင်သော သတင်းအချက်အလက်များ လည်း ပါဝင်သည်။
- စခန်းအခြေခံအဆောက်အဦများ၏ အနေအထား- ယင်းတွင် လမ်းများ၊ ခြေသွားလမ်းများ၊ ရပ်ရွာလူထု အဆောက်အဦ၊ ကျန်းမာရေးဌာန၊ စာသင်ကျောင်း၊ ဖြန့်ဝေရေးဌာနများ၊ သန့်စင်ခန်းများ၊ ရေမြောင်းများ၊ ရေပေး ဝေရေးစနစ်များ၊ ဓာတ်အားလိုင်းများ၊ စည်းဝေးသည့်နေရာများနှင့် သုသာန်နေရာများ ပါဝင်သည်။
- ညှိနှိုင်းဆောင်ရွက်မှုစနစ်နှင့်ဆိုင်သော သတင်းအချက်အလက်များ- မည်သည့်အဖွဲ့အစည်းများက မည်သည့် နေရာတွင် မည်သည့်လုပ်ငန်းများကို ဆောင်ရွက်သည်
- လုပ်ငန်းဆောင်ရွက်နေသူများနှင့်ဆက်သွယ်ရန်-ကော်မတီများနှင့်အစုအဖွဲ့များတွင်မည်သူတို့ပါဝင်သည်၊မည်သည့်အချိန်တွင် အစည်းအဝေးရှိသည်။ မည်သည့်လူမှုရေး၊ အပန်းဖြေရေးနှင့် အားကစားအခမ်းအနားများ ကျင်းပရန်ရှိသည်။ ဒေသခံလူထုက မည်သည့်အတိုင်းအတာအထိ ပါဝင်ပတ်သက်သည်၊ မည်သည့်သင်တန်းများ ရှိသည် စသည့်အချက်အလက် များဖြစ်သည်။

သတင်းအချက်အလက်များ ကောက်ယူခြင်းအတွက် အဖွဲ့အစည်းများအကြား ကြိုတင်အစီအစဉ်ရေးဆွဲပြီး ညှိနှိုင်းပြီးသား ဖြစ်ရန် အရေးကြီးသည်။ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ညွှန်းပို့စနစ်များ စီစဉ်ထားရှိရမည်ဖြစ်ပြီး နေရပ်စွန့်ခွာရသူများနှင့် ပတ်သက်၍လည်း ဆန်းစစ်မှုမေးခွန်းများ ထပ်ပြန်တလဲလဲ အမေးခံရခြင်းနှင့် လွဲမှားသော မျှော်လင့်ချက်များ ထားရှိမိခြင်း များမဖြစ်အောင် ရှောင်ရှားနိုင်ရေးသည်လည်း အရေးကြီးသည်။ အဖွဲ့အစည်းများအနေနှင့် ဖြစ်ရပ်တစ်ခုကို နောက်ထပ် ဆက်လက်ဆောင်ရွက်ရန် လွှဲပြောင်းပေးခြင်း ပြု/မပြု၊ သို့မဟုတ် သတင်းအချက်အလက်များကို စီမံကိန်းရေးဆွဲရေး သို့မဟုတ် ရှင်းပြတိုက်တွန်းခြင်းအတွက် အသုံးပြုမည် ဟုတ်မဟုတ် ဆိုသည်တို့ကို သိရှိနေရန် လိုအပ်သည်။ စခန်းစီမံ ခန့်ခွဲမှုအေဂျင်စီသည် တုံ့ပြန်ဆောင်ရွက်နိုင်သည့် စွမ်းရည်နှင့်ပတ်သက်၍ သိရှိထားရန်နှင့် လိုအပ်ချက်များနှင့်ပတ်သက်ပြီး အစီအစဉ်ဆွဲခြင်းနှင့် ရှင်းပြတိုက်တွန်းခြင်းတို့တွင် အခြေအနေမှန်အတိုင်း ပွင့်လင်းမြင်သာစေရန် လိုအပ်သည်။ တုံ့ပြန် ဆောင်ရွက်နိုင်ရန် အမှန်တကယ် ရှိနေသော၊ စီစဉ်ထားသော စွမ်းဆောင်နိုင်ရည်သည် ကောက်ယူရမည့် အချက်အလက် များအား ဆုံးဖြတ်ရာတွင် အဓိကအချက် ဖြစ်သင့်သည်။

### သတင်းအချက်အလက်၏ ရည်ရွယ်ချက်နှင့် အသုံးပြုပုံ

သတင်းအချက်အလက်ကောက်ယူခြင်းသက်သက်သည် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းဖြစ်သည်ဟု ဆို၍မရပါ။ ကောက်ယူသော သတင်းအချက်အလက်တစ်ခုချင်းစီတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရည်ရွယ် ချက်နှင့် ပိုင်ဆိုင်သူ ရှိရမည်။ အကယ်၍ ရည်ရွယ်ချက်နှင့် အသုံးပြုသူမရှိပါက ထိုသတင်းအချက်အလက်ကို ကောက်ယူခြင်း မပြုသင့်ပါ။

အချို့သော သတင်းအချက်အလက်များသည် ကောက်ယူစုဆောင်းပြီးနောက်တွင် ဆန်းစစ်ခြင်း၊ အသုံးချခြင်း လုံးဝမခံ ရသော အဖြစ်များလည်းရှိသည်။ အထူးသဖြင့် အရပ်ပြောစကားများနှင့် အရည်အသွေးဆိုင်ရာ အချက်အလက်များကို ကောက်ယူသော်လည်း ရည်ရွယ်ချက်နှင့် မည်သည့်ရလာဒ်များပေါ်ထွက်အောင် ဆောင်ရွက်လိုသည်ကို ရှင်းလင်းစွာ ကြိုတင်နားလည်ထားခြင်း မရှိသောကြောင့် ဖြစ်သည်။

အလားတူပင် ကိန်းဂဏန်းအချက်အလက်များ ကောက်ယူရာတွင်လည်း သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှု မရှိခြင်းနှင့် ကြိုတင်ပြင်ဆင်မှုမရှိပဲ စီမံကိန်းရေးဆွဲခြင်းတို့ကြောင့် လက်တွေ့ဆီလျော်မှုနှင့် အသုံးဝင်မှုတို့တွင် အကန့်အသတ်ဖြစ်စေသည့်အခါများလည်းရှိသည်။

### လက်တွေ့ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - မျှော်လင့်ချက်များကို စီမံခန့်ခွဲခြင်း

ကျွန်တော်တို့ရဲ့ စခန်းစီမံခန့်ခွဲမှုစီမံချက်မှာ ဂန်ဆောင်မှုပေးတာတွေ မပါဘူး။ ရပ်ရွာလူထုက လက်တွေ့မကျတဲ့ မျှော်လင့် ချက်တွေ ဖြစ်မလာစေဖို့ ဒီအချက်ကိုလည်း အလွန်ပဲ ရှင်းလင်းစွာ ထုတ်ဖော်ပြောကြားထားပြီးဖြစ်ပါတယ်။ အချို့သော ကိစ္စရပ်များမှာ ကူညီဖြေရှင်းပေးနိုင်တဲ့အဖွဲ့တွေဆီကို လွှဲပေးမှာဖြစ်ပေမယ့် ဒီလိုလွှဲပေးတိုင်းလည်း ချက်ချင်း ဖြေရှင်း ဆောင်ရွက်ပေးလိမ့်မယ်လို့ မမျှော်လင့်နိုင်ကြောင်း ရှင်းပြထားတယ်။ ကျွန်တော်တို့ စီမံချက်က တခြားအဖွဲ့တွေဆီကို ကိုင်တွယ်ဖြေရှင်းပေးဖို့ လွှဲပေးတာတစ်ခုပဲ လုပ်နိုင်တယ်။ ကျွန်တော်တို့ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းတာမျိုးမလုပ်ပေမယ့် အခြားအဖွဲ့တွေဆီကနေ အကြံပြု၊ တုံ့ပြန်ချက်တွေကိုတော့ တောင်းခံတတ်လေ့ရှိတယ်။ စခန်းမှာနေတဲ့လူတွေကိုလည်း သူတို့ ကြုံတွေ့ရနိုင်တဲ့ ကိုင်တွယ်ဖြေရှင်းမှုက ကောင်းရင်လည်းကောင်းမယ်၊ ဆိုးရင်လည်းဆိုးမယ်ဆိုတာကို ကြိုပြီးပြောပြ ထားတယ်။ ကောင်းမယ်ဆိုတာက သူတို့ပြဿနာကို လာပြီး ဖြေရှင်းပေးသွားမယ်ကို ဆိုလိုတာ။ ဆိုးမယ်ဆိုတာက တစ်ခါတလေကျတော့ ဘာတစ်ခုမှ လာမလုပ်ပေးတာမျိုးလည်း ဖြစ်နိုင်တယ်။”

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - နေရပ်စွန့်ခွာမှုကို ခြေရာခံသည့် ဇယား (DTM)

နေရပ်စွန့်ခွာမှုကို ခြေရာခံသည့် ဇယား (DTM) သည် ယခင်ကဆောင်ရွက်ခဲ့ဖူးသော DTM များမှ ကျန်ခဲ့သည့် လက်ရှိ သတင်းအချက်အလက်များ၊ IOM မှ မှတ်တမ်းသွင်းထားသော စာရင်းများ၊ CCCM အစုအဖွဲ့နှင့် အခြားမိတ်ဖက်အဖွဲ့ များမှ ရရှိသော သတင်းအချက်အလက်များကို အသုံးချသည်။ ယင်းတွင် နေရပ်စွန့်ခွာဒုက္ခသည်စခန်းတစ်ခုချင်းစီနှင့် ၎င်းတို့ရှိ လူဦးရေ၊ ရွှေ့ပြောင်းသွားလာမှုပုံစံတို့အပါအဝင် တိကျသော အစုလိုက် သတင်းအချက်အလက်များ ကောက်ယူ နိုင်ရေးကို အဓိကထားဆောင်ရွက်သည်။ ဤနည်းအားဖြင့် ပြောင်းလဲနေသော အခြေအနေများနှင့် ပြောင်းလဲမှုပုံစံများကို မျက်ခြေမပြတ် စောင့်ကြည့်နိုင်သည်။ DTM တွင် ပိုမိုအသေးစိတ်ကျသော အချက်အလက်ကောက်ယူရေးနည်းလမ်းများ ကို အသုံးပြုကာ လက်ရှိနေရပ်စွန့်ခွာဒုက္ခသည်စခန်းများအားလုံးကို တစ်လလျှင်နှစ်ကြိမ် ဆန်းစစ်မှုပြုပြီး စခန်းရှိ လူဦးရေ အပြောင်းအလဲ အတိုးအဆုတ်ကို အချိန်မှန် တိတိကျကျ တိုင်းတာပြီး ပြန်လည်ထုတ်ပြန်သည်။

DTM ကို နိုင်ငံတကာရွှေ့ပြောင်းသွားလာရေးအဖွဲ့ IOM က ၂၀၁၀ ဟေတီငလျင်တွင် CCCM နှင့် အခြား အစုအဖွဲ့များနှင့် ပူးပေါင်းကာ ရေးဆွဲဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ မြေငလျင်လှုပ်ပြီးပြီးချင်းတွင် အစုအဖွဲ့များစွာတို့အတွက် အရေးပေါ် အခြေအနေဆိုင်ရာ သတင်းအချက်အလက်များ လိုအပ်နေခြင်းအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သ ည်။ သတင်း အချက်အလက်လိုအပ်ချက်မှာ အလွန်ကြီးမားပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များသည် အလွန်ရှုပ်ထွေး လွန်းသော အခြေအနေတစ်ရပ်ကို ရင်ဆိုင်နေကြရခြင်းဖြစ်သည်။ DTM ကို မြေငလျင်ကြီးလှုပ်ပြီးနောက် မိမိတို့ဖာသာ တည်ထောင်ထားကြသော အရေးအတွက် အလွန်များသည့် နေရပ်စွန့်ခွာဒုက္ခသည်စခန်းများကိုဖော်ထုတ်ပြီး စာရင်းပြုစုရန် ရည်ရွယ်ခြင်းဖြစ်သည်။ DTM သည် အရေအတွက် ထောင်ကျော်ရှိသော ဒုက္ခသည်စခန်းများ၏ အခြေအနေကို အချိန်နှင့် တစ်ပြေးညီ စာရင်းပြုစုထိန်းသိမ်းပြီး နောက်ဆုံးအခြေအနေများကို အချိန်မှန် ထုတ်ပြန်ပေးသည်။

၂၀၁၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်သော ဟိုင်ရန် တိုင်ဖုန်းမုန်တိုင်း (ဒေသအခေါ် ယိုလန်ဒါ) ကြောင့် ဖြစ်သော ဘေးအန္တရာယ်များကို ဖြေရှင်းရာတွင် CCCM အစုအဖွဲ့ မှ DTM ဆိုင်ရာ ညှိနှိုင်းရေးမှူးသည် သတင်း အချက်အလက် စီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ (Information Management Working Group - IMWG) နှင့် သက်ဆိုင်ရာ အစုအဖွဲ့အားလုံးအနေနှင့် ထိခိုက်မှုအခြေအနေ ဆန်းစစ်တိုင်းတာခြင်းပြုလုပ်ရာတွင် အဓိကအညွှန်းကိန်းများနှင့် စံနှုန်း များနှင့်ပတ်သက်ပြီး ဆွေးနွေးသဘောတူပြီးသားဖြစ်စေရန် ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့်

အချက်အလက်များကောက်ယူခြင်း၊ ဆန်းစစ်ခြင်းနှင့် ပြန်လည်မျှဝေခြင်းများတွင် အားလုံးတပြေးညီ ဖြစ်စေခဲ့သည်။ ပထမလအတွင်း ရွှေ့ပြောင်းနေထိုင်သည့်နေရာများ၊ ရွှေ့ပြောင်းသွားလာမှုနှင့် ပြောင်းလဲပုံများ၊ လိုအပ်ချက်များနှင့် လစ်ဟာချက်များကို DTM က တစ်လလျှင်နှစ်ကြိမ် ထုတ်ပြန်ပေးပြီး နောက်ပိုင်းတွင် တစ်လတစ်ကြိမ် ဆက်လက် ထုတ်ပြန်ပေးသည်။ မူရင်း သတင်းအချက်အလက်များကိုလည်း ကဏ္ဍအလိုက် ဆက်လက်ဆန်းစစ်လေ့လာသွားနိုင်ရန် အစုအဖွဲ့များထံသို့ ထုတ်ပြန်ပေးသည်။ အဓိကအကျဆုံး အညွှန်းကိန်းများနှင့်ပတ်သက်ပြီး အစုအဖွဲ့များမှ ပြန်လည်ပေးပို့ လာသော အကြံပြုချက်နှင့် အသေးစိတ်ပြင်ဆင်ချက်များကို နောက်ထပ် ထုတ်ပြန်မည့် DTM ဆန်းစစ်မှုများတွင် ပေါင်းစပ် ထည့်သွင်းပေးသည်။ ထိုသို့ အကြံပြုချက်များ ပုံမှန်လက်ခံခြင်းနှင့် ပုံမှန်ထုတ်ပြန်နေခြင်းတို့ကြောင့် ကောက်ယူသော သတင်းအချက်အလက်များသည် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုနှင့် စီမံကိန်းရေးဆွဲမှုတို့အတွက် အထောက် အကူ ဖြစ်စေပြီး ဆီလျော်သော အချက်အလက်များဖြစ်စေရေးကို အာမခံပေးခြင်းလည်းဖြစ်သည်။

**စခန်း၏ အခြေခံအချက်အလက်များ ဆိုသည်မှာ အဘယ်နည်း**

စခန်း၏ အခြေခံအချက်အလက်များကို အစုအဖွဲ့ကဏ္ဍ ဦးဆောင်အေဂျင်စီမှ သတင်းအချက်အလက် စီမံခန့်ခွဲရေး အရာရှိ က ပြုစုပြီး မျှဝေပေးသည်။ ယင်းတို့တွင် လူဦးရေအချက်အလက်များကို လူဦးရေဖွဲ့စည်းပုံ၊ ပထဝီဒေသအလိုက် ပျံ့နှံ့ တည်ရှိပုံ စသည်တို့ဖြင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ ကဏ္ဍစုံအကျုံးဝင်သော ကိစ္စရပ်များဆန်းစစ်ခြင်း၊ မည်သူက မည်သည့်နေရာ တွင် မည်သည့်လုပ်ငန်းများဆောင်ရွက်သည် (3W) စသော အချက်များမှတစ်ဆင့် လုပ်ဆောင်နေသော လုပ်ငန်းများနှင့် လိုအပ်နေဆဲ ကွက်လပ်များကို ဖော်ထုတ်ခြင်း စသည်တို့ပါဝင်သည်။

စခန်း၏အခြေခံအချက်အလက်များသည် စခန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို အချက်အလက် စနစ် ပေါင်းများစွာမှ ရယူပြီး ပြည့်စုံသော သတင်းအချက်အလက်များအဖြစ် ပုံဖော်ပေးရန်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်းများကို အထောက်အပံ့ဖြစ်စေရန် ဖြစ်သည်။ ထိုအချက်အလက်များကို စာရွက်စာတမ်းအနေနှင့် လည်းကောင်း၊ ကွန်ပျူတာဖိုင်အနေနှင့်လည်းကောင်း သိမ်းဆည်းထားနိုင်သည်။ စခန်းဆိုင်ရာ အခြေခံအချက်အလက် များသည် စခန်းစီမံခန့်ခွဲမှုအတွက် စခန်းလူထု၏ နောက်ခံအချက်အလက် ဓလေ့ထုံးစံများ၊ စခန်းကော်မတီ၊ အိမ်ရှင် လူထု၏ အုပ်ချုပ်ရေးစနစ်ဖွဲ့စည်းပုံ စသည်တို့ကို အသေးစိတ်ဖော်ပြနိုင်သဖြင့် လူသားချင်းစာနာထောက်ထားမှု အဖွဲ့ အစည်းများအား သက်ဆိုင်ရာဒေသ၏ ဒေသန္တရအုပ်ချုပ်ရေးစနစ်အတွင်း အဆင်ပြေပြေ ချိတ်ဆက် လုပ်ကိုင်နိုင်ရန် အထောက်အပံ့ဖြစ်စေသည်။ နောက်ထပ်အလားတူ သတင်း အချက်အလက်စနစ်မျိုး စင်ပြိုင် မတည်ထောင်မိစေရန်နှင့် အရေးပေါ်အခြေအနေအတွက် တုံ့ပြန်ဆောင်ရွက်သော အဖွဲ့အစည်းများအနေနှင့် သတင်းအချက်အလက်များ မည်သည့် နေရာတွင်ရနိုင်သည်ကို သိရှိကြစေရန်အတွက် စခန်းအခြေခံ သတင်းအချက်အလက်များကို ပုံမှန်ဖြန့်ချိမှု ပြုလုပ်ရမည်။

### သတင်းအချက်အလက်ကောက်ယူရာတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများ

စခန်းအဆင့်တွင် သတင်းအချက်အလက်ကောက်ယူရေးကို အစီအစဉ်ရေးဆွဲမည်ဆိုပါက အောက်ပါအချက်အလက် များ ကို အထူး အလေးအနက်ထားပြီး စီစဉ်ဆောင်ရွက်ရန်လိုသည်။

- စံနှုန်းများနှင့် အညွှန်းကိန်းများသည် ရှင်းလင်းနေရမည်။ နိုင်ငံတကာဥပဒေ၊ စံနှုန်းများနှင့်အညီဖြစ်ပြီး စခန်းများ အကြား ကျင်းပသော ညှိနှိုင်းအစည်းအဝေးများမှ သဘောတူ အတည်ပြုပေးထားသော အရေအတွက်နှင့် အရည်အသွေးပြ အညွှန်းကိန်းများကို ဝန်ဆောင်မှုများပေးနေသည့် လက်ရှိစံနှုန်းများအား တိုင်းတာရန်အတွက် တသမတ်တည်း အသုံးပြုရမည်။
- ကိန်းဂဏန်းများသက်သက်ဖြင့် ဖော်ပြခြင်းမဟုတ်ပဲ ကိန်းဂဏန်းများနှင့်ရော စာဖြင့်ပါ ရှင်းလင်းတင်ပြခြင်း နှစ်မျိုးစလုံးကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် လက်ရှိ ကွင်းဆင်းအခြေအနေများကို ပိုမိုကျယ်ပြန့်စွာ၊ ပိုမိုအသုံးတည့် စွာဖြင့် ဖော်ပြနိုင်သည်။
- အချက်အလက်ကောက်ယူခြင်းကို အမှန်တကယ် စတင်ဆောင်ရွက်ခြင်းမပြုမီ အချက်အလက်အရင်းအမြစ်များနှင့် ကောက်ယူ မည့်နည်းလမ်းများကို ကြိုတင်စဉ်းစားထားသင့်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ကောက်ယူရရှိမည့် သတင်းအချက် အလက်များအား ယုံကြည်အားထားနိုင်ခြင်း ရှိမရှိအပေါ် များစွာသက်ရောက်စေသည်။
- သတင်းအချက်အလက် ကောက်ယူမည့်ပုံစံများကို ကောင်းစွာဒီဇိုင်းဆွဲထားပြီး လက်တွေ့ကွင်းဆင်း စမ်းသပ်အောင်မြင်

ထားပြီးလည်းဖြစ်ရမည်။ ယင်းတို့သည် သီးခြားတိကျ၍၊ ရှင်းလင်းပြီး ဆီလျော်သော သတင်းအချက်အလက်များ ရရှိရေးကို ရည်ရွယ်ပြီး ဒီဇိုင်းထုတ်ထားခြင်းဖြစ်ရမည်။ ကြည့်ရှုလေ့လာမှုပုံစံများ၊ မေးခွန်းလွှာများ၊ တွေ့ဆုံမေးမြန်းခြင်း၊ ဆွေးနွေးရန်မေးခွန်းများ စသည့်ပုံစံမျိုးစုံကို လက်တွေ့ကွင်းဆင်းစမ်းသပ်ရာတွင်လည်း တိကျ၊ ဆီလျော်ပြီး တိုင်းတာနိုင်သော စမ်းသပ်မှု ဖြစ်ရန်လိုသည်။ ကနဦး စမ်းသပ်မှုတစ်ခုကို ပြုလုပ်နိုင်မှသာ နောက်ပိုင်းတွင် လိုအပ်သလို ပြင်ဆင်ပြောင်းလဲခြင်း၊ အသေးစိတ်အချောသတ်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ပြီး၊ အချက်အလက် ကောက်ယူသူများကလည်း ထိုပုံစံများကို လက်တွေ့သုံးစွဲရာတွင် လွယ်ကူခြင်းရှိမရှိကို ပြန်လည် အသိပေးနိုင်မည်ဖြစ်သည်။ ဘာသာစကားနှင့် ဘာသာပြန်ဆိုခြင်းနှင့် ဆက်စပ်သော ပြဿနာများကိုလည်း အထူးဂရုစိုက်ရန်လိုသည်။ သတင်း အချက်အလက်ကောက်ယူသည့်ပုံစံများကို စခန်းတွင်အသုံးပြုရန်အတွက် ဘာသာပြန်ရာတွင် အဓိကသတင်းစကားများ ပျောက်ဆုံးခြင်း၊ အဓိက အာရုံစိုက်ရမည့်နေရာ လွဲသွားခြင်း စသည်တို့ ဖြစ်ပွားရန် အလွန်လွယ်ကူသည်။

- တိကျပြီး ခမ္ဘမိဌာန်ကျသော သတင်းအချက်အလက်များသည် ကောက်ယူသူ၏ ကျွမ်းကျင်မှုနှင့် အသက်မွေးပညာရှင်ပီသမှုအပေါ် မူတည်နေရာ ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရန် လိုအပ်သည်။ ဝန်ထမ်းများ အနေနှင့် မည်သည့်အချက်အလက်များကို မည်သည့်အတွက်ကြောင့် လိုအပ်ကြောင်း နားလည်ပါသလား။ အကယ်၍ လိုအပ်သော သတင်းအချက်အလက်များ မရနိုင်ပါက ဘာလုပ်သင့်သနည်း။ အကယ်၍ သတင်း ပေးသူက မှန်ကန်တိကျမှုမရှိသော သတင်းများပေးနေသည်ဟု သံသယရှိလျှင် မည်သို့ဆောင်ရွက်မည်နည်း။ ရရှိသော သတင်းများ မှန်မမှန် မည်သို့ အတည်ပြုပြီး မည်သို့ စစ်ဆေးနိုင်မည်နည်း။ သတင်းအချက်အလက်များ ကို သေချာစွာ၊ ရှင်းလင်းပီသစွာနှင့် ပြည့်စုံစွာ ဖော်ပြနိုင်ပါသလား။ ဒုတိယအကြိမ် ပြန်လည်စစ်ဆေးရန်နှင့် ပြန်လည်ရေတွက်ရန်အတွက် လုပ်ဖော်ကိုင်ဖက်များ၏ အကူအညီကို ယူပါသလား။ အကယ်၍ ကိုယ်တိုင် မရေမရာဖြစ်သော အချိန်တွင် အကြံဉာဏ်များ တောင်းခံလေ့ရှိပါသလားစသည့် မေးခွန်းများကို အလေးအနက် ထား စဉ်းစားရန်လိုသည်။ စာရင်းကောက် ဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခြင်း၊ ၎င်းတို့၏ တိုးတက်မှုနှင့် ၎င်းတို့ ကောက်ယူထားသောအချက်အလက်များ ရှေ့နောက်ညီညွတ်မှန်ကန်မှု ရှိ/မရှိ လိုက်လံစစ်ဆေးခြင်း စသည်တို့မှာ မဖြစ်မနေ ဆောင်ရွက်ရမည့် အချက်များဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်းမရှိပဲနှင့် ဆီလျော် အကျိုးရှိပြီး ယုံကြည်ထိုက်သည့် အချက်အလက်များကို ရရှိနိုင်မည်မဟုတ်ပေ။
- သတင်းအချက်အလက်များကို မလိုအပ်ပဲ များပြားစွာ ကောက်ယူနေခြင်း ရှိ/မရှိလည်း စစ်ဆေးရမည်။ အကောင်းဆုံးမှာ ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်ရန် အားလုံးသည် တူညီသော သတင်းအချက်အလက် များကိုသာ မျှဝေအသုံးပြုသင့်သော်လည်း လက်တွေ့တွင်မူ မတူညီသောအဖွဲ့အစည်းများအနေနှင့် ၎င်းတို့စီမံချက်များတွင် အသုံးပြုရန်အတွက် မတူညီသော သီးသန့် သတင်းအချက်အလက် လိုအပ်ချက်များရှိနေကြသည်။ ထို့ကြောင့် ယင်းတို့အနေနှင့် ထိုအချက်များကို ကိုယ်တိုင်ကောက်ယူရန် ဆုံးဖြတ်နိုင်သည်။

မည်သူက မည်သည့်အချက်အလက်များကို ကောက်ယူမည်ကို သဘောတူညီခြင်းနှင့် မှတ်တမ်းတင်ခြင်းမှာ ကြီးမားသော စိန်ခေါ်မှု တစ်ခုဖြစ်သည်။ အထူးသဖြင့် အဖွဲ့အစည်းနှင့် ဝန်ထမ်းအင်အားထွက်များသော အခြေအနေတွင်ဖြစ်သည်။ သို့ရာတွင် အောက်ပါအကြောင်းများကြောင့် ထိုသို့ သဘောတူအသိအမှတ်ပြုမှု ရှိရန် အလွန်အရေးကြီးသည်။

- စခန်းလူထုကို မကြာခဏ အချက်အလက်များကောက်ယူနေခြင်းကြောင့် ကြုံတွေ့ခံစားရသော ငြီးငွေ့စိတ်ပျက်မှု များမှ ကာကွယ်ပေးခြင်း
- တူညီသော သတင်းအချက်အလက်များကို နှစ်ခု သို့ နှစ်ခုထက်ပိုသော အဖွဲ့များက သီးခြားစီ ကောက်ယူမိခြင်း ကာကွယ်ရန် သို့မဟုတ် သတင်းအချက်အလက် အလွန်များပြားစွာ ကိုင်တွယ်ရခြင်းများကို လျှော့ချရန်
- အရေးပါသော အချက်အလက်များအားလုံးကို လစ်ဟာမှု မရှိပဲ ကောက်ယူနိုင်စေရန်
- ဂိုရောဓိဖြစ်စေသော သို့မဟုတ် ရှေ့နောက်မညီသော ဆန်းစစ်သုံးသပ်မှုများ ဖြစ်မလာစေရန်
- ညှိနှိုင်းဆောင်ရွက်ရေး ဖိုရမ်များအား ပိုမိုထိရောက်စေရန်နှင့် ပိုမိုလွယ်ကူစွာ စီမံခန့်ခွဲနိုင်စေရန်၊ ရည်ရွယ်ချက်ခြင်း တူသော စီမံချက်များကို ပိုမိုလွယ်ကူစွာ ဆက်စပ်ညှိနှိုင်းပေးနိုင်ရန်
- အဖွဲ့အစည်းအများအပြားက တူညီသော သတင်းအချက်အလက်များကို တပြိုင်တည်း ကောက်ယူနေခြင်းမျိုး မရှိပါက အဖွဲ့တိုင်း၏ အချိန်၊ ပိုင်ဆိုင်မှုနှင့် လူသားအရင်းအမြစ်များကို ပိုမိုထိရောက်စွာအသုံးချနိုင်ပေမည်။

ဝေးလံခက်ခဲသောဒေသများရှိ သတင်းအချက်အလက်များကို ကောက်ယူရေးမှာလည်း ကြီးစွာသော စိန်ခေါ်မှုဖြစ်သည်။ တစ်ခါတရံတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကျယ်ပြန့်သောဒေသတစ်လျှောက် ပြန့်ကြဲတည်ရှိသော စခန်း အများအပြားကို တာဝန်ယူရပြီး ရွှေ့လျားအဖွဲ့များနှင့် လုပ်ငန်းဆောင်ရွက်ရခြင်းမျိုး ရှိတတ်သည်။ စခန်းများသို့ နေ့စဉ် သို့မဟုတ် အပတ်စဉ် သွားရောက်ကြည့်ရှုနိုင်ရေး မှာ အမြဲတမ်း မလွယ်ကူနိုင်ပေ။ စခန်းလူထု၏ လိုအပ်ချက်များကို အချိန်နှင့် တပြေးညီ သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာစခန်းများကို ကိုယ်စားပြုသည့် စခန်းခေါင်းဆောင်အဖွဲ့ သို့မဟုတ် ဆက်သွယ်ရန် ပုဂ္ဂိုလ်တို့ကို သတ်မှတ်ထားရှိပြီး ဆက်သွယ်ဆောင်ရွက်ရမည်။ ဖြစ်နိုင်ပါက ၎င်းတို့ကို မိုဘိုင်းဖုန်းနှင့် ရေဒီယိုဆက်သွယ်ရေးစက်များ ပေးထားသင့်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အခြားနိုင်ငံမှ စခန်းကို စီမံခန့်ခွဲရာတွင် လည်း အလားတူ ကျင့်သုံးရပေသည်။ ပြည်တွင်းနေရပ်စွန့်ခွာသူများကိစ္စတွင်မူ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ သီးသန့် ခန့်အပ် ထားခြင်းမရှိပါက CCCM အစုအဖွဲ့သည် အမြင့်ဆုံး တာဝန်ရှိသူအနေနှင့် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်း များအတွက် သတင်းအချက်အလက်ကောက်ယူခြင်း၊ ပြန်လည်စစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများကို သင့်လျော် သလို ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည်။

သက်ဆိုင်သော အဖွဲ့အစည်းများအားလုံးကို ကောင်းစွာ စီစဉ်ချိတ်ဆက်ထားသော အချက်အလက်ကောက်ယူမှုစနစ်နှင့် ပတ်သက်၍ သဘောတူညီချက်ရရှိအောင် ဆောင်ရွက်နိုင်ခြင်းသည် ယုံကြည်မှု၊ အများပါဝင်မှု၊ မိတ်ဖက်ဆောင်ရွက်မှု၊ အပြန်အလှန် အထောက်အပံ့ဖြစ်စေမှုနှင့် ထိရောက်မှုတို့ကို ညွှန်းဆိုနေသည်။

### ပဋိပက္ခသို့မဟုတ် သဘာဝဘေးအန္တရာယ်ကျရောက်သော အခြေအနေတွင် အချက်အလက်ကောက်ယူခြင်း

သတင်းအချက်အလက်များအား လက်လှမ်းမီမှုနှင့် လိုအပ်သော သတင်းအချက်အလက် အမျိုးအစားများမှာ ပဋိပက္ခ အခြေအနေနှင့် သဘာဝဘေးအန္တရာယ် အခြေအနေတို့အပေါ်မူတည်၍ ကွဲပြားနိုင်သည်။ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေး နိုင်ငံသားဖြစ်မှုနှင့် လူမှုနောက်ခံအခြေအနေများသည် အငြင်းပွားစရာများဖြစ်နိုင်ပြီး ပဋိပက္ခနှင့် နေရပ်စွန့်ခွာထွက်ပြေးရခြင်း၏ အကြောင်းရင်းများဖြစ်နိုင်သည်။ နေရပ်စွန့်ခွာသူများအနေနှင့် ၎င်းတို့၏အသက်လုံခြုံရေးကို မထိခိုက်စေပဲ မည်သည့်အတိုင်းအတာအထိ သတင်းအချက်အလက်များကို မျှဝေပေးနိုင်မည်ကို ထိုအချက်များက လွှမ်းမိုးပေလိမ့်မည်။ လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများမှ လိုအပ်သည့်သတင်းအချက်အလက်များမှာလည်း သက်ဆိုင်ရာ နောက်ခံအခြေအနေများအပေါ် မူတည်၍ ပြောင်းလဲနိုင်သည်။ အလားတူပင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက်များ၊ လုံခြုံရေးနှင့် ရေရှည်တည်တန့်သော ဖြေရှင်းမှုအတွက် နည်းလမ်းများမှာလည်း ကွဲပြားသည်။

## အချက်အလက်များအား စိတ်ဖြာဆန်းစစ်လေ့လာခြင်း

စခန်းလူထု၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်နှင့်ဝန်ဆောင်မှုပေးသူများ၏တာဝန်ခံယူမှုကိုသေချာစေနိုင်ရန်အတွက် သတင်းအချက်အလက်များကို လူဦးရေစာရင်းအလိုက်၊ ကဏ္ဍအလိုက် နှင့် အကောင်အထည်ဖော်သော အဖွဲ့အစည်းအလိုက် ခွဲခြားမှတ်တမ်းတင်ထားရမည်။ ထိုအချက်ကို သေချာစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အစုအဖွဲ့/ကဏ္ဍ ဦးဆောင်အေဂျင်စီ၊ သက်ဆိုင်ရာနိုင်ငံအာဏာပိုင်အဖွဲ့များနှင့် အခြားသက်ဆိုင်သည့်အဖွဲ့အစည်းများ အားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

တိမ်းညွှတ်မှုများ၊ တိုးတက်ပြောင်းလဲမှုများနှင့် ပုံစံများကို ဖော်ထုတ်နိုင်ရန်အတွက် အချက်အလက်များကို ဆန်းစစ်လေ့လာမှု ပြုလုပ်ရသည်။ ထို့အပြင် စာရင်းအင်းအချက်အလက်များ ဖော်ထုတ်ရန်၊ လူဦးရေ ကိန်းဂဏန်းများကို နှိုင်းယှဉ်ရန်၊ ပုံပြဇယားများ၊ ဂရပ်ဖ်များနှင့် အစီရင်ခံစာများဖြင့် ဖော်ထုတ်တင်ပြရန်အတွက် အချက်အလက်များကို လေ့လာဆန်းစစ်မှု ပြုရသည်။ ဝန်ဆောင်မှုများနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများတွင် လစ်ဟာချက်များကို ရှာဖွေ ဖော်ထုတ်နိုင်ရန်အတွက်လည်း လိုအပ်ချက်ဆန်းစစ်မှုကို ပြုလုပ်ရသည်။ ထိုသတင်းအချက်အလက်များကို စခန်းအဆင့် တွင်လည်းကောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးကိုလည်းကောင်း ပြန်လည်မျှဝေပြီး စီမံကိန်းများရေးဆွဲခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရှင်းပြတိုက်တွန်းအရေးဆိုမှုများ ပြုလုပ်ရာတွင် ပြန်လည်အသုံးပြုသည်။

လေ့လာဆန်းစစ်မှုများကို စခန်းအဆင့်တွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီက ဆောင်ရွက်နိုင်သည်။ ထိုအဆင့်တွင် အချက်အလက်များကို ဇယားကွက် သို့မဟုတ် ဒေတာဘေ့စ် အတွင်းသို့ ထည့်သွင်းရသည်။ ထိုအဆင့်တွင် သတင်းအချက် အလက်များ

မှန်ကန်မှုရှိမရှိ သိနိုင်ရန်အတွက် ပြန်လှန်စစ်ဆေးမှု ပြုလုပ်သည်။ အချက်အလက်ထည့်သွင်းခြင်းနှင့် ဆန်းစစ်လေ့လာခြင်းများ ဆောင်ရွက်ရန်တာဝန်မှာ သတင်းအချက်အလက်စီမံခန့်ခွဲမှု တာဝန်ခံပုဂ္ဂိုလ်၏ အဓိကတာဝန် ဖြစ်သည်။ သို့မဟုတ်ပါက အချက်အလက်သွင်းခြင်းနှင့် အစီရင်ခံခြင်းအရာရှိ/ စာရေး ကဲ့သို့သော အထူးလေ့ကျင့် သင်ကြားမှု သို့မဟုတ် ကျွမ်းကျင်မှုရှိသော ဝန်ထမ်းက ဆောင်ရွက်သည်။

အခြေအနေအလိုက် အစုအဖွဲ့၊ကဏ္ဍ ဦးဆောင်အေဂျင်စီတွင် သတင်းအချက်အလက်များ ဆန်းစစ်လေ့လာခြင်းနှင့် ပြန်လည်ဖြန့်ဝေခြင်းတို့တွင် အဓိကတာဝန် ရှိနိုင်သည်။ စခန်းများအကြား သဘောတူညီထားပြီးသော စံနှုန်းများနှင့် ထောက်ပံ့ကူညီမှုများ တသမတ်တည်းရှိနေစေရန်နှင့် သတင်းအချက်အလက်များကို ထိရောက်စွာ ဖြန့်ချိနိုင်ရန်အတွက် စနစ်နှင့် လုပ်ငန်းစဉ်များ အရန်သင့် ရှိနေစေရန် အဓိက အာရုံစိုက်ပြီး လုပ်ဆောင်ရမည်။ အစုအဖွဲ့ လုပ်ငန်းစနစ် ရှိနေပါက ကမ္ဘာလုံးဆိုင်ရာ အစုအဖွဲ့စနစ်မှတစ်ဆင့် သတင်းအချက်အလက် စီမံခန့်ခွဲရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ အထောက်အပံ့များကို တောင်းခံနိုင်သည်။ ထို့အပြင် အစုအဖွဲ့၊ကဏ္ဍ ဦးဆောင်အေဂျင်စီက သက်ဆိုင်ရာကဏ္ဍအတွင်း လုပ်ငန်းဆောင်ရွက်ထားမှုများနှင့် ပတ်သက်သည့် နောက်ဆုံးရသတင်းများကို ထုတ်ပြန် ပေးနိုင်သည်။ ယင်းတို့တွင် ဆက်သွယ်ရမည့်စာရင်း၊ အစည်းအဝေးမှတ်တမ်းများ၊ ကိန်းဂဏန်းဇယားကွက်များနှင့် စခန်းမှရသော အချက်အလက်များကို အခြေခံသည့် လိုအပ်ချက်/လစ်ဟာချက် ဆန်းစစ်မှုများလည်း ပါဝင်သည်။

### ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်မှုရုံး OCHA ၏ အခန်းကဏ္ဍ

OCHA သည် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများအရေးတွင် ညှိနှိုင်းဆောင်ရွက်ရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲရေးတို့အတွက် အဓိက အခန်းကဏ္ဍမှ ဆောင်ရွက်ရသည်။ OCHA သည် အချက်အလက်များ အလွယ်တကူ ဖလှယ်နိုင်ရေးကို ဆောင်ရွက်ပြီး အချက်အလက်ထည့်သွင်းသည့်ပုံစံများနှင့် ဒေတာဘေ့စ်များ တသမတ်တည်း ဖြစ်စေရေး အတွက် ထားရှိသင့်သည့်စံနှုန်းများကိုလည်း အကြံပြုပေးသည်။ အချက်အလက်များကိုအခြေခံပြီး မည်သူက မည်သည့် နေရာတွင် မည်သည့်လုပ်ငန်း ဆောင်ရွက်သည်ဟူသော 3W အချက်အလက် ဒေတာဘေ့စ် နှင့် မြေပုံများကို ထုတ်လုပ်ကြသည်။ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အခြေအနေများကို ခြုံငုံ၍ အသက်အရွယ်၊ ကျား မ ခွဲခြားထားသော လူဦးရေစာရင်းများ စသော ဆီလျော်သည့် သတင်းအချက်အလက် စာရွက်စာတမ်းများကို စုစည်းပေး သည်။ OCHA ၏ အခန်းကဏ္ဍမှာ အစုအဖွဲ့၊ကဏ္ဍများနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ပါဝင်ပတ်သက်သည့် အဖွဲ့အစည်း အများအပြားမှ အသုံးပြုနိုင်မည့် သတင်းအရင်းအမြစ်များနှင့် ပုံစံတကျ ထည့်သွင်းထားသည့် သတင်းအချက်အလက် များကို စီစဉ်ထောက်ပံ့ပေးသည်။ အစုအဖွဲ့၊ကဏ္ဍများအကြား အပြန်အလှန်ဖလှယ်အသုံးပြုနိုင်မည့် စံသတ်မှတ်ထားသော လိုအပ်ချက်/လစ်ဟာချက် ဆန်းစစ်လေ့လာမှုပုံစံများကိုလည်း OCHA ကပင် ဖော်ထုတ်ရေးဆွဲပေးရသည်။ ထိုသတင်း အချက်အလက်အများစုမှာ စခန်းအဆင့်တွင် ကောက်ယူထားသော သတင်းအချက်အလက်များကို အခြေခံထားခြင်း ပင်ဖြစ်သည်။

## သတင်းအချက်အလက် ဖြန့်ဝေခြင်း

စခန်း၌ တုံ့ပြန်ဆောင်ရွက်ပေမှုများအတွက် သတင်းအချက်အလက်ဖြန့်ဝေပေးရာတွင် ကိန်းဂဏန်းများနှင့် အစီရင်ခံစာများကို ပါဝင်ပတ်သက်သူအားလုံးသို့ ဖြန့်ဝေပေးရသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အချက်အလက်များကို စခန်းလူထု၊ ဒေသခံလူထု၊ ဝန်ဆောင်မှုအဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်များနှင့် အစုအဖွဲ့၊ကဏ္ဍ ဦးဆောင် အဖွဲ့အစည်းများအားလုံး သို့ ပေးပို့ရသည်။ အချက်အလက်များကို မမျှဝေနိုင်ပါက မည်သည့်လုပ်ငန်းမှ ဆောင်ရွက်နိုင်မည်မဟုတ်ချေ။ သတင်း အချက်အလက်မျှဝေခြင်းကြောင့် ဝန်ဆောင်မှုပေးရာတွင် ပေါ်ပေါက်နိုင်သော လစ်ဟာမှုများနှင့် စခန်းအတွက်လိုအပ်သော ထောက်ပံ့ကူညီမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။ သို့သော် အများပါဝင်ဆုံးဖြတ်ရန် လိုအပ်ချက်နှင့် လျှို့ဝှက်ချက်မပေါက်ကြားအောင် ထိန်းသိမ်းရမည့် လိုအပ်ချက်နှစ်ခုကြားတွင် ဟန်ချက်ညီ ဆောင်ရွက်ရန်လိုသည်။

မပေါက်ကြားအောင် ထိန်းသိမ်းခြင်းဆိုသည်မှာ ထိခိုက်လွယ်သော အချက်အလက်များနှင့် သတင်းများကို လုံခြုံစွာသိမ်း

ဆည်းပြီး အများပြည်သူ တက်ရောက်သည့် ဖိုရမ်များတွင် ထုတ်ဖော်ပြောကြားမှုမရှိခြင်း ဖြစ်သည်။ အကယ်၍ ထို အချက်အလက်များကို မျှဝေရန်လိုအပ်ပါက မျှဝေပေးရမည့်သူထံသို့သာ သတ်သတ်မှတ်မှတ် ရောက်ရှိစေရန်နှင့် အမည်နာမ မဖော်ပြဘဲ မည်သူမည်ဝါ မသိရှိနိုင်စေရန် ဆောင်ရွက်ရမည်။ ပါဝင်ပတ်သက်နေသူများ၏ ဂုဏ်သိက္ခာ၊ ကာကွယ် စောင့်ရှောက်မှုနှင့် လုံခြုံရေးတို့ကို ထိပါးနှောက်ယှက်ခြင်းမရှိစေရန် ရည်ရွယ်၍ သတင်းအချက်အလက်များကို မျှဝေရမည် ဖြစ်သည်။ ဆန်းစစ်လေ့လာချက်များကိုလည်း လူတစ်ဦးချင်းစီ၏ အချက်အလက်များ မပါဝင်တော့သော စုစည်း ဆန်းစစ်ချက်များ အဖြစ်သာ မျှဝေပေးရမည်။

သတင်းအချက်အလက်များအား လက်လှမ်းမီရေးကို မရှိမဖြစ် လိုအပ်ပြီး အသိပညာမှာ တန်ခိုးအင်အားပင် ဖြစ်သည်။ ပဋိပက္ခ၊ အကျပ်အတည်းနှင့် ရှုပ်ထွေးသော အခြေအနေများတွင် သတင်းအချက်အလက်များကို ဂရုတစိုက် ထိန်းသိမ်း ကိုင်တွယ်ရန် လိုအပ်သည်။ မည်သည့်နည်းလမ်းကိုသုံးသည်ဖြစ်စေ အန္တရာယ်မဖြစ်စေရေး (Do No Harm) သဘော တရားကို အခြေခံရမည်။ မပေါက်ကြားအောင် ထိန်းသိမ်းစောင့်ရှောက်ရမည့် ထိခိုက်လွယ်သည့် သတင်းအချက်အလက် များနှင့်ပတ်သက်လျှင်လည်း အလားတူပင်ဖြစ်သည်။

သတင်းအချက်အလက်များကို ညှိနှိုင်းဆောင်ရွက်ရေး ဖိုရမ်များ၊ အစည်းအဝေးများနှင့် သီးသန့်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးသည့် ညွှန်းပို့စနစ်များမှတစ်ဆင့် မျှဝေပေးလေ့ရှိသည်။ ညွှန်းပို့စနစ်၏ ဥပမာမှာ- ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုနှင့် ဆိုင်သော ကိစ္စဖြစ်ပါက ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး သို့မဟုတ် အလားတူသင့်လျော်သောအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်းမျိုးဖြစ်သည်။

အစီရင်ခံစာများကို အစုအဖွဲ့၊ကဏ္ဍ ဦးဆောင်အေဂျင်စီများသို့ ပေးပို့ပြီး သက်ဆိုင်ရာကဏ္ဍအတွင်း ဆောင်ရွက်သော လုပ်ငန်းများ၊ စံနှုန်းများနှင့်ပတ်သက်သည့် စာရင်းဇယားများနှင့် ရေးသားဖော်ပြမှုများပါဝင်သည်။ လစ်ဟာမှုများ၊ ထပ်နေမှုများ၊ စိုးရိမ်ပူပန်စရာများနှင့် အကြံပြုချက်များကို အထူးအသားပေးဖော်ပြရသည်။ ထိုအချက်များကို အစုအဖွဲ့၊ကဏ္ဍ များ၏ ညှိနှိုင်းဆောင်ရွက်ရေး ဖိုရမ်များတွင် ဆွေးနွေးကြပြီး အဖွဲ့အစည်းအမျိုးမျိုး၏ မတူညီသောလုပ်ပိုင်ခွင့်များနှင့် စွမ်းဆောင်ရည်များအပေါ် မူတည်ကာ လုပ်ငန်းအစီအမံများကို ရေးဆွဲကြသည်။

### သတင်းအချက်အလက်စီမံခန့်ခွဲရေးနှင့် မီဒီယာများ

မီဒီယာများသည် အကျပ်အတည်းကို လူအများအာရုံစိုက်လာစေရန် ဆောင်ရွက်ပေးနိုင်ပြီး နေရပ်စွန့်ခွာရသူများအတွက် လူသားချင်းစာနာထောက်ထားရေးကိစ္စရပ်များကို ကမ္ဘာ့ပြည်သူများ၏ စိတ်ထဲတွင် အမြဲရှိနေစေရန်လည်း ဆောင်ရွက် ပေးသည်။ ထို့ကြောင့် မီဒီယာများနှင့် လူသားချင်းစာနာထောက်ထားသောအဖွဲ့အစည်းများသည် ဘုံရည်မှန်းချက်ပန်းတိုင် ရှိသော မဟာမိတ်များဖြစ်ကြသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းရှိ အခြားအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ကာ စခန်းလူထုနှင့် ဝန်ထမ်းများအနေဖြင့် ၎င်းတို့ကိုယ်တိုင် သိရှိနားလည်ပြီး သဘောတူခွင့်ပြုချက်ဖြင့်သာ မီဒီယာများက တွေ့ဆုံမေးမြန်းရန်အတွက် ကြီးကြပ်ရန် တာဝန်ရှိသည်။

မီဒီယာများ စခန်းသို့လာရောက်ရာတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသို့ သတင်းပို့ခွင့်တောင်းပြီးမှ လာရောက်ခြင်းဖြင့် စခန်းတွင်း ဝင်ရောက်ခွင့်ကို စီမံထိန်းချုပ်ထားနိုင်သည်။ တွေ့ဆုံမေးမြန်းခြင်းများ စီစဉ်ဆောင်ရွက်ရာတွင်လည်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီ သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေး သို့မဟုတ် ကျား/မကဏ္ဍ အခြေခံသော အကြမ်းဖက်မှုများ ကာကွယ် ရေးနှင့် သက်ဆိုင်သောအဖွဲ့အစည်းတစ်ခုခုက ကြားခံစောင့်ကြည့်သူအဖြစ် ဆောင်ရွက်ပေးရမည်။ တွေ့ဆုံမေးမြန်း ခံမည့်သူများထံမှ ကြိုတင်ခွင့်ပြုချက်ရယူခြင်းနှင့် ၎င်းတို့ကို မီဒီယာသမားများနှင့် မိတ်ဆက်ပေးခြင်းတို့ကို ထိုအဖွဲ့အစည်းက တာဝန်ယူဆောင်ရွက်ရမည်။ အဓမ္မပြုကျင့်ခံရမှုအပါအဝင် အထူးထိခိုက်နာကျင်စရာ တစ်ခုခုနှင့် ကြုံရသူများ၊ အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်နှင့် အခြားကမ္ဘာသုံးဘာသာစကားတစ်ခုခု ပြောဆိုတတ်သူများသည် မီဒီယာများ၏ စိတ်ဝင်စားခြင်းကို အများအားဖြင့် ခံရတတ်ကြောင်း သတိပြုသင့်သည်။ ထို့ကြောင့် အဆိုပါပုဂ္ဂိုလ်များအား မကြာခဏ လာရောက်မေးမြန်းနေမှုများကို ရှောင်ရှားနိုင်ရန် အထူးသဖြင့် တွေ့ဆုံမေးမြန်းခြင်းခံရသောကြောင့် ထိခိုက်နာကျင်မှုများ ကို စိတ်အတွင်း ပြန်လည်ခံစားရမှုများမှ ရှောင်ရှားနိုင်ရန် ဂရုပြု၍ ဆောင်ရွက်ပေးရမည်။ အခြားတစ်ဖက်တွင်လည်း

အချို့သူများသည် မိမိတို့၏ ကိုယ်တွေ့အဖြစ်အပျက်များကို ပြန်ပြောင်းပြောပြချင်ကြသဖြင့် ၎င်းတို့၏ဆန္ဒကို ပိတ်ပင်ခြင်းမျိုးမဖြစ်စေရန်လည်း ဆောင်ရွက်ပေးရမည်။

ယေဘုယျအားဖြင့် နေရပ်စွန့်ခွာရသူများကို ကူညီပံ့ပိုးပေးရာတွင် လူသားချင်းစာနာထောက်ထားမှု အဖွဲ့များနှင့် မီဒီယာများအကြားတွင် တူညီသော ရည်မှန်းချက်များ ရှိနေတတ်သည်။ သို့ရာတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် အခြားအဖွဲ့အစည်းများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် စခန်း၏ ယေဘုယျ အခြေအနေများနှင့်ပတ်သက်ပြီး ဝေဖန်မှုများကိုခံရနိုင်သည်။ ထိုအခြေအနေတွင် လက်တွေ့အခြေအနေများနှင့် ပတ်သက်၍ ခုခံပြောဆိုနေမှုများသည် အကျိုးမဖြစ်ပဲ နောက်ထပ်ဝေဖန်မှုများကို ဖိတ်ခေါ်နေသကဲ့သို့သာ ဖြစ်သွားနိုင်သည်။ ယင်းအစား အမှတ်အယူ လွဲနေသည့်အချက်များကိုသာ ပြင်ဆင်ပေးပြီး၊ သက်ဆိုင်ရာအဖွဲ့အစည်းများအနေနှင့် စခန်းတွင်းအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် မည်သို့ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုသာ ရှင်းပြသင့် သည်။ ထိုသို့ရှင်းပြရင်း ရလာသောအခွင့်အရေးကိုသုံးကာ နေရပ်စွန့်ခွာလာရသူများကိုယ်စား အထောက်အပံ့များ ပိုမို ရရှိစေရန် တိုက်တွန်းနှိုးဆော်မှုများကို ပြုလုပ်သင့်သည်။

စခန်းလူထုထံသို့ သတင်းအချက်အလက်များ ဖြန့်ဝေပေးရာတွင် သတင်းအချက်အလက်များသည် ခေါင်းဆောင်မှုအလွှာအတွင်း၌သာ ရပ်တန့်နေခြင်းမဟုတ်ပဲ စခန်းတွင်းရှိ သက်ဆိုင်သူအားလုံးထံသို့ အဆင့်ဆင့် စီးဆင်းရောက်ရှိကြောင်းကိုလည်း သေချာစေရန် စခန်းစီမံခန့်ခွဲရေးအေဂျင်စီက ဆောင်ရွက်သင့်သည်။ သတင်းအချက်အလက်များမှာ အာဏာကို ထိန်းသိမ်းထားရန် သို့မဟုတ် ပြန်လည်ရယူရန် ရည်ရွယ်ပြီး ခေါင်းဆောင်ပိုင်းက အလွဲသုံးစားပြုနိုင်သလို အချို့သော သတင်းအချက်အလက်များကိုလည်း လှည့်ဖျားအသုံးပြုခြင်း၊ အလွဲသုံးစားလုပ်ခြင်းများ ကြုံရနိုင်သည်။ လူထုအတွင်း ရှိနေသော ဖိုရမ်များနှင့် စနစ်များကို အသေအချာလေ့လာဆန်းစစ်မှုပြုရန်လိုပြီး သတင်းအချက်အလက်ကောက်ယူမှု စနစ်ကောင်းများ ရှိနေစေရန်သာမက ရည်ရွယ်ချက်ကောင်းမွန်ပြီး ဆီလျော်သောဖိုရမ်များ ဖြစ်/မဖြစ်ကိုပါ ဆန်းစစ်ရန် လိုသည်။ လူထုကြားထဲသို့ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိစေရန်အတွက်လည်း စနစ်များကို တီထွင်ဖော်ထုတ်သင့်သည်။

စခန်းလူထုထံသို့ သတင်းအချက်အလက်များ ထိထိရောက်ရောက်ဖြန့်ဝေပေးရာတွင် သုံးစွဲနိုင်သော စနစ်များစွာရှိသည်။ စနစ်များကို ရွေးချယ်ရာတွင်မှ ပေးပို့မည့် သတင်းစကားအမျိုးအစား၊ ပေးပို့မည့်လူထု၏ အရွယ်အစားနှင့် အမျိုးအစား၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအချက်များနှင့် စခန်းတွင်ရရှိနိုင်သော နည်းပညာများကိုပါ ထည့်သွင်းစဉ်းစားကြရသည်။ ဘာသာစကားနှင့် စာတတ်မြောက်မှုနှင့်ဆိုင်သော ပြဿနာများကိုလည်း စဉ်းစားဖြေရှင်းပေးရသည်။ သတင်းဖြန့်ဝေရေး စနစ်များတွင် သတင်းအချက်အလက်များကပ်ရန် ဘုတ်ထောင်ခြင်း၊ ကော်မတီ အစည်းအဝေးများ၊ လက်ကမ်းစာရွက်များ၊ ပိုစတာများ၊ အသိပေးအလုပ်ရုံဆွေးနွေးပွဲများ၊ ရေဒီယိုအစီအစဉ်များ၊ ရုပ်ရှင်များ၊ အများပြည်သူ ကြားနိုင်ရန် အသံချဲ့ စက်ဖြင့် လွှင့်ထုတ်မှုများ။ အိမ်တိုင်ယာရောက် တွေ့ဆုံမှုများ၊ အစည်းအဝေးမှတ်တမ်းများဖြန့်ဝေခြင်းနှင့် ပြဇာတ်များ တင်ဆက်ခြင်းတို့ ပါဝင်နိုင်သည်။

### သတင်းအချက်အလက်စီမံခန့်ခွဲရေး - စခန်းစီမံခန့်ခွဲရေးအေဂျင်စီအနေနှင့် အကူအညီရနိုင်သော နေရာများ

မကြာသေးမီနှစ်များအတွင်းက လူသားချင်းစာနာထောက်ထားရေး အဖွဲ့အစည်းများအနေနှင့် အချက်အလက်ကောက်ယူခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းလုပ်ငန်းများကို အရည်အချင်းပြည့်မီစွာဆောင်ရွက်နိုင်ရေးကို ရှေ့ရှုသော ကြိုးပမ်းမှုများနှင့် အဖွဲ့အစည်းများ များစွာပေါ်ထွက်ခဲ့သည်ကို တွေ့နိုင်သည်။ ထို့ကြောင့် စခန်းစီမံခန့်ခွဲရေးအေဂျင်စီအပါအဝင် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ အနေနှင့် ကျွမ်းကျင်မှု၊ နည်းလမ်းများနှင့် ချဉ်းကပ်ဆောင်ရွက်မှုပုံစံ အများအပြားကို လေ့လာသင်ကြားနိုင်သော အခွင့်အရေးများရှိလာကြသည်။ အောက်တွင်ဖော်ပြထားသောစာရင်းမှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် အသင့်လျော်ဆုံးဖြစ်နိုင်မည့် ဆောင်ရွက်မှုများ နှင့် အဖွဲ့အစည်းများစာရင်းကို တတ်နိုင်သရွေ့ စုစည်းတင်ပြထားခြင်းဖြစ်သည်။

ACAPS (WWW.ACAPS.ORG)

ဆန်းစစ်မှုဆိုင်ရာ စွမ်းဆောင်ရည် စီမံချက် (ACAPS - The Assessment Capacities Project) သည် အစိုးရမဟုတ်သော

အဖွဲ့အစည်းသုံးခုဖြစ်သော HelpAge International, Merlin နှင့် Norwagian Refugee Council တို့ ပူးပေါင်းတည်ထောင် ထားသောအဖွဲ့ (Consortium) ဖြစ်သည်။ တီထွင်ဆန်းသစ်မှုရှိသော နည်းလမ်းအထောက်အကူများ၊ အသိပညာများ၊ ဆန်းစစ်လေ့လာမှု ကျွမ်းကျင်ပညာရှင်များကို သင်တန်းပေးခြင်း၊ ခန့်အပ်ခြင်းများအားဖြင့် ACAPS သည် အရေးပေါ်အခြေအနေများ မဖြစ်ပွားမီ၊ ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးကာလတို့တွင် ပိုမိုပေါင်းစည်းညီညွှတ်မှုရှိသော ဆန်းစစ် လေ့လာမှုများကိုဆောင်ရွက်နိုင်စေရန်အတွက် လူသားချင်းစာနာထောက်ထားရေးအဖွဲ့များကို ကူညီပံ့ပိုးမှုများ ဆောင်ရွက် နေသည်။

JIPS (WWW.JIPS.ORG)

ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများ၏ အခြေအနေဖေါ်ပြရန် ပူးပေါင်းဝန်ဆောင်မှု (The Joint IDP Profiling Service - JIPS) သည် ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းတည်ထောင် ထားသောအဖွဲ့တစ်ခုဖြစ်သည်။ အစိုးရများ၊ လူသားချင်းစာနာထောက်ထားမှုအဖွဲ့များနှင့် ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ အတွက် နေရပ်စွန့်ခွာသူများနှင့်ပတ်သက်သည့် တိကျသော သတင်းအချက်အလက်များကို ပေးနိုင်ရန် ကြိုးစားခြင်းဖြင့် ကမ္ဘာတစ်ပှမ်းလုံးရှိ နေရပ်စွန့်ခွာဒုက္ခသည်များအတွက် ကောင်းစွာညှိနှိုင်း၍ တုံ့ပြန်ဆောင်ရွက်ပေးမှုများနှင့် ဖြေရှင်း ပေးခြင်းများကို ကူညီရန်ရည်ရွယ်သည်။ JIPS သည် ကွင်းဆင်းလုပ်ငန်းနှင့် ရှင်းလင်းတင်ပြအရေးဆိုခြင်းများအတွက် ပံ့ပိုးမှုများ၊ စခန်းများ၏ အခြေခံအချက်အလက်များ စုစည်းပြုစုခြင်းအတွက် နည်းလမ်းအထောက်အကူများ၊ လမ်းညွှန်ချက် များနှင့် သင်တန်းများ ကူညီဆောင်ရွက်ပေးသည်။

CARTONG (WWW.CARTONG.ORG)

CartONG သည် လူသားချင်းစာနာထောက်ထားရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအတွက် သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုများ အပါအဝင် အချက်အလက်များ စုစည်းပြုစုမြေပုံဆွဲခြင်းနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည်။ ထို့အပြင် ပထဝီဒေသအလိုက် သတင်းအချက်အလက်စနစ် (Geographic Information System - GIS) အသုံးပြုမှုများ တိုးတက်လာစေရန်လည်း အားပေးကူညီသည်။ မြေပုံ ထုတ်ခြင်းနှင့် ဒေသပထဝီဆိုင်ရာ အချက်အလက်များပေးခြင်းတို့အပြင် နေရာဒေသဆိုင်ရာ အချက်အလက်များနှင့် ရွှေ့ပြောင်း အချက်အလက်ကောက်ယူခြင်းလုပ်ငန်းများတွင်လည်း ပံ့ပိုးကူညီပေးသည်။

REACH (WWW.REACH-INITIATIVE.ORG)

REACH သည် the Agence d'aide à la cooperation technique et au développement (ACTED)၊ Impact Initiative နှင့် ကုလသမဂ္ဂ ဆက်သွယ်ရေးဂြိုလ်တု အသုံးပြုမှု အစီအစဉ် (UNOSAT) တို့၏ ကြိုးပမ်းဆောင်ရွက်မှု တစ်ခုဖြစ်ပြီး အရေးပေါ်အခြေအနေ၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်သည့်နောက်ခံအခြေအနေများ အားလုံးတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့များ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အထောက်အပံ့ဖြစ်စေမည့် သတင်းအချက်အလက်ဆိုင်ရာ နည်းလမ်းတစ်ခုကို တီထွင်ခဲ့သည်။

DHN (WWW.DIGITALHUMANITARIANS.ORG)

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာ ကွန်ယက် (Digital Humanitarian Network - DHN) သည် ကွန်ရက်များ ပါဝင်သော ကွန်ရက်တစ်ခုဖြစ်ပြီး လက်ရှိ အရေးပေါ်အခြေအနေများကို ဖေါ်ပြသော မြေပုံများ ထုတ်ခြင်း၊ မီဒီယာများအား စောင့်ကြည့်လေ့လာခြင်း၊ အချက်အလက် တည်ဆောက်ခြင်းနှင့် သန့်စင်ခြင်း၊ ဂြိုဟ်တု မြေပုံတွင် မှတ်သားခြင်းနှင့် ခြေရာခံခြင်းစသော ဝန်ဆောင်မှုများကို လူသားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းများ အတွက်ဆောင်ရွက်ပေးသည်။

### အချက်အလက်ကောက်ယူမှုရည်ရွယ်ချက်အမျိုးမျိုးအတွက် အချက်အလက်ပေါင်းစည်းမှုပုံစံအမျိုးမျိုး

ဆုံးဖြတ်ချက်ချမှတ်မှုကို ထောက်ကူပေးရန်အတွက် သတင်းအချက်အလက် လိုအပ်မှုမှာ မတူညီသော အဖွဲ့အစည်းများ အကြား ကွဲပြားခြားနားကြသည်။။ သက်ဆိုင်ရာဒုက္ခသည်များနှင့် အနီးကပ်ဆုံးရှိနေသော ဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ ကဲ့သို့သော အဖွဲ့အစည်းများသည် အသေးစိတ်အကျဆုံး အချက်အလက်များကို လိုအပ်ကြပြီး ကျယ်ပြန့်သောဒေသတစ်ခုလုံးကို လွှမ်းခြုံဆောင်ရွက်သော အဖွဲ့အစည်းများအတွက်မူ ယေဘုယျအားဖြင့် ဆိုရသော် ပေါင်းစည်းထားပြီးသော အချက်အလက်များနှင့် ဆန်းစစ်သုံးသပ်မှုများကို ပိုမို လိုအပ်နိုင်သည်။

အောက်တွင်ဖော်ပြထားသောဇယားတွင် CCCM အစုအဖွဲ့ စနစ်တစ်ခုအတွင်း၌ မည်သည့်အဖွဲ့အစည်းများက မည်သို့သော သတင်းအချက်အလက်များ လိုအပ်နိုင်သည်ကို နိုင်းယှဉ်ဖော်ပြထားပါသည်။

| ရေနှင့်ပတ်သက်သော ပေါင်းစည်းအချက်အလက် နမူနာများ | | |
|---|---|---|
| ပါဝင်ပတ်သက်သူများ | အစီအစဉ်ဆိုင်ရာ ဆုံးဖြတ်ချက်များ | လိုအပ်သော အချက်အလက်များ |
| ဝန်ဆောင်မှုအဖွဲ့အစည်း၊<br>စခန်းစီမံခန့်ခွဲမှု အေဂျင်စီ | စခန်းအတွင်းရှိ ဇုန်နယ်မြေတစ်ခုချင်းစီ အလိုက် ရေပေးဝေရန် လိုအပ်ချက်များ ဆန်းစစ်ခြင်း၊<br>ရေပေးဝေရန် လိုအပ်သော နေရာအသစ်များ ရွေးချယ်ခြင်း | နေရာဒေသနှင့် လက်ရှိအခြေအနေ (လည်ပတ်မှု ရှိမရှိ၊ စွမ်းဆောင်နိုင်မှု) နှင့် ရေအရင်းအမြစ်မှ ရေပေးဝေရေး နေရာအထိ သုံးစွဲမှုပုံစံများ |
| အစုအဖွဲ့ကဏ္ဍ ဦးဆောင် အေဂျင်စီ | စခန်းတစ်ခုချင်းအတွက် ရေရရှိရေး ဘတ်ဂျက် ခွဲဝေမှုနှင့် စခန်းများအကြား ရေပေးဝေရန် လိုအပ်ချက်ဆန်းစစ်မှုမှ နောက်ဆုံးရ အချက်အလက်များ၊ အနာဂတ်တွင်ကြုံရနိုင်သော ရေလိုအပ်ချက် နှင့် ရေပေးဝေရေးစနစ် ချို့ယွင်းပါက ကြုံရနိုင်သောအန္တရာယ်များကို ကြိုတင် ခန့်မှန်းခြင်း | စခန်းတစ်ခုချင်းစီအတွက် ပေါင်းစည်း ထားပြီးသော ရေလိုအပ်ချက်နှင့် ဦးစားပေးအဆင့်ဆိုင်ရာ အချက် အလက် များ |
| - ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်မှုရုံး<br>- လူသားချင်းစာနာ ထောက် ထားမှု ညှိနှိုင်းရေးမှူး<br>- အခြား အစုအဖွဲ့နှင့် ကဏ္ဍများ | ရေရရှိနိုင်မှု (အရည်အသွေး နှင့် ပမာဏ) နှင့် အခြား ကဏ္ဍအလိုက် လိုအပ်ချက်များ နှင့် အညွှန်းကိန်းများ ဖြစ်သော ကာကွယ် စောင့်ရှောက်မှု၊ ကျန်းမာရေး၊ အာဟာရနှင့် နေထိုင်စရာတို့၏ အချက်အလက်များ၏ ဆက်နွယ်မှု | (ဥပမာ) ခရိုင်တစ်ခုရှိစခန်းများအားလုံး အတွက် ရေဖြန့်ဝေရေး စွမ်းဆောင်ရည် နှင့် စီမံခန့်ခွဲမှုပုံစံများ။ ရေပေးဝေမှုနှင့် ပတ်သက်သော ကွင်းဆင်းလုပ်ငန်း နည်းဗျူဟာများနှင့် ချဉ်းကပ်ပုံများ |
| မှတ်ချက်။ အထက်ပါအချက်များသည် ဥပမာမျှသာဖြစ်ပြီး ရေနှင့်ပတ်သက်သော အချက်အလက်မျှဝေခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများသည် ဘေးဒုက္ခများအတွက် တုံ့ပြန်ဆောင်ရွက်မှု တစ်ခုနှင့်တခုကြားကွဲပြားခြားနားနိုင်သည်။ | | |

## စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် စစ်ဆေးရန် လုပ်ငန်းစာရင်း

- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် သတင်းအချက်အလက် စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် ဖွံ့ဖြိုးမှုအသစ်များနှင့် နောက်ဆုံးပေါ် နည်းလမ်းများအား ရှာဖွေနိုင်ရန်အတွက် အမြဲ တံခါးဖွင့်ထားရမည်။
- ✔ သတင်းအချက်အလက်စီမံခန့်ခွဲမှုသည် နေရပ်စွန့်ခွာသူများ၏ လိုအပ်ချက်နှင့် လစ်ဟာမှုများအတွက် တုံ့ပြန် အကြံပြုမှုများကို ထင်ဟပ်သည်။
- ✔ သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများကို အသုံးပြုရမည်
- ✔ တိကျသော အခြေခံ အချက်အလက် (baseline) များနှင့် အချိန်နှင့်တစ်ပြေးညီ အစဉ် ပြင်ဆင်ပြုစုထားသည့် အသက်အရွယ်နှင့် ကျားမ ခွဲခြားဖော်ပြထားသော စခန်းလူဦးရေစာရင်းတို့ အဆင့်သင့်ရှိနေရမည်။
- ✔ ဘေးအန္တရာယ်ကျရောက်ရန် အလွယ်ဆုံးအုပ်စုများနှင့် အထူးလိုအပ်ချက်များရှိသော လူပုဂ္ဂိုလ်နှင့် အုပ်စုများအတွက်

သတင်းအချက်အလက်များ အဆင်သင့်ရှိနေရမည်။

- ✔ သတင်းအချက်အလက်စီမံခန့်ခွဲမှုကို ကောင်းစွာအစီအစဉ်ရေးဆွဲထားပြီး ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ လိုအပ်ချက်များအပေါ် အခြေခံရမည်။
- ✔ စခန်း၌ တုံ့ပြန်ဆောင်ရွက်ပေးမှုများတွင် ပါဝင်ပတ်သက်သော အဖွဲ့အစည်းအချင်းချင်းအကြား ညှိနှိုင်းဆောင် ရွက်ရေးအတွက် တိကျ၍ ဆီလျော်ပြီး နောက်ဆုံးအခြေအနေကိုဖော်ပြသော သတင်းအချက်အလက်များက အခြေခံ ဖြစ်သည်။
- ✔ နှစ်ခါကောက်ယူခြင်းမျိုးမဖြစ်စေရန်အတွက် လက်ရှိ ရှိပြီးသား သတင်းအချက်အလက်များအားလုံးကို စာရင်းသွင်း ထားသင့်သည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်းရှိ ဝန်ဆောင်မှုများနှင့် အထောက်အပံ့များ၏ ပမာဏနှင့် စံနှုန်းများနှင့် ပတ်သက်ပြီး အချက်အလက်များကောက်ယူရမည်။
- ✔ အချက်အလက်ကောက်ယူမှုပုံစံများသည် လိုအပ်သော သတင်းအချက်အလက်အမျိုးအစားနှင့် ဆီလျော်ရမည့် အပြင် ကွင်းဆင်းစမ်းသပ်မှု ပြုလုပ်ပြီး ဖြစ်ရန်လိုသည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီဝန်ထမ်းများကို စခန်းတွင် ထိရောက်စွာ စောင့်ကြည့်ကြီးကြပ်မှုနှင့် အချက်အလက် ကောက်ယူမှု ပုံစံများ အသုံးပြုတတ်စေရန်အတွက် လေ့ကျင့်သင်တန်းပေးမှုများဆောင်ရွက်ထားရမည်။
- ✔ စခန်းအုပ်ချုပ်စီမံမှု၊ လူထုပူးပေါင်းပါဝင်မှု အနေအထား၊ ညှိနှိုင်းဆောင်ရွက်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကိစ္စရပ်များ နှင့် ပံ့ပိုးမှုနှင့်စည်းဝေးမှုများ၊ စခန်းတွင်း ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်သည့် သတင်း အချက်အလက်များ အဆင်သင့်ရှိနေရမည်။
- ✔ စခန်းတွင်း လုပ်ငန်းဆောင်ရွက်နေသည့် ဝန်ဆောင်မှုပေးသူများနှင့် အဖွဲ့အစည်းများ၏ 'မည်သူက မည်သည့် လုပ်ငန်းကို မည်သည့်နေရာတွင် ဆောင်ရွက်သည်' ဟူသော အချက်အလက်များရှိရမည်။
- ✔ အချက်အလက်တစ်မျိုးတည်းကို အဖွဲ့အစည်းနှစ်ခုထက်ပို၍ သီးခြားစီကောက်ယူခြင်း၊ မလိုအပ်သော သတင်း အချက်အလက်များ ပိုလျှံနေခြင်းနှင့် အချက်အလက်ကောက်ယူမှုများလွန်းသောကြောင့် စိတ်ပျက်ခြင်းများ ကို ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြားတွင် မည်သူက မည်သည့်အချက်အလက်များ ကောက်ယူမည်ကို ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းများ ဆောင်ရွက်ရမည်။
- ✔ စခန်းလူထုအား သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ရပိုင်ခွင့်များကို ရှင်းပြထားရမည်ဖြစ်ပြီး မည်သည့် အချက်အလက်များကို ကောက်ယူသည်၊ မည်သို့အသုံးပြုမည်နှင့် မည်သို့သော နောက်ဆက်တွဲ ဆောင်ရွက်မှု များကို ကြုံရနိုင်သည်ကို ကြိုတင်ရှင်းပြထားရမည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင် လိုအပ်ချက်ဆန်းစစ်မှုကို ပြုလုပ်နိုင်ရန်အတွက် ကောက်ယူထားသည့် အခြေခံအချက်အလက်များကို အသုံးပြုရမည်။
- ✔ အချက်အလက်များကို နောက်ထပ်ဆန်းစစ်မှုများဆောင်ရွက်နိုင်ရန် အခြားဝန်ဆောင်မှုအဖွဲ့များ၊ အစုအဖွဲ့၊ကဏ္ဍ ဦးဆောင်အေဂျင်စီများ၊ OCHA နှင့် ဒေသအာဏာပိုင်များသို့ ပြန်လည်ဖြန့်ဝေရာတွင်လည်း လုံခြုံရေးနှင့် သတင်း အချက်အလက် မပေါက်ကြားရေးကို စဉ်းစားဆောင်ရွက်ရမည်။
- ✔ သတင်းအချက်အလက်များကို ညှိနှိုင်းဆောင်ရွက်ရေး ဖိုရမ်များ၊ တစ်ဦးချင်းကိစ္စရပ်များ ညွှန်းပို့ပေးရေးနှင့် သင့်လျော်သော ကာကွယ်စောင့်ရှောက်မှုများရရှိနိုင်ရန် ရှင်းပြတိုက်တွန်းမှုပြုလုပ်ခြင်းများနှင့် ဝန်ဆောင်မှုနှင့် ထောက်ပံ့မှုဆိုင်ရာ လစ်ဟာချက်များအား ဖြည့်ဆည်းရေးအတွက် အထောက်အပံ့ဖြစ်စေရန် အသုံးပြုကြသည်။
- ✔ သတင်းအချက်အလက် လုံခြုံရေးနှင့် မပေါက်ကြားရေးကို သေချာစေရမည်။ သတင်းအချက်အလက် စုစည်းမှု (ဒေတာဘေ့စ်) များကို လူတိုင်း မကြည့်နိုင်စေရန် ကန့်သတ်ထားပြီး မှတ်တမ်းတင်ခြင်းနှင့် အဖြစ်အပျက် မှတ်တမ်းတင်ခြင်းများကိုလည်း လိုအပ်ပါက အမည်နာမများကို ချန်လှပ်ပြီးဆောင်ရွက်ရမည်။
- ✔ သတင်းအချက်အလက် စီမံခန့်ခွဲရေးတွင် စခန်းလူထုလည်း ပါဝင်ဆောင်ရွက်ကြသည်။ စခန်းတွင်းရှိ လူနေမှု အဆင့်အတန်း၊ သင့်လျော်သော ဝန်ဆောင်မှုနှင့် အထောက်အပံ့များ ရယူပိုင်ခွင့်နှင့် ၎င်းတို့၏ဘဝအပေါ် သက်ရောက်သော ဆုံးဖြတ်ချက် ချမှတ်ခြင်းများနှင့် ပတ်သက်သည့် အချက်အလက်များကိုပေးပို့ခြင်း၊ လက်ခံ ယူခြင်း များကို ဆောင်ရွက်သည်။
- ✔ စခန်းတွင်းရှိ သတင်းဖြန့်ဝေရေးစနစ်များသည် လိုအပ်ချက်အလိုက် ကွဲပြားနေသည်။ သတင်းအချက်အလက် များကို

သီးခြားလိုအပ်ချက်ရှိသူများနှင့် စာမတတ်သူများအပါအဝင် စခန်းနေသူများအားလုံးလက်လှမ်းမီရရှိစေရန် ဆောင်ရွက်ရသည်။

- ✔ စခန်းလူထုနှင့် ပတ်သက်သည့် အချက်အလက်များကို ကောက်ယူ၊ ဆန်းစစ်၊ သိမ်းဆည်းခြင်းနှင့် ပြန်လည်ဖြန့်ဝေခြင်းများ ဆောင်ရွက်ရာတွင် အထူးဂရုစိုက် ဆောင်ရွက်ရန်လိုသည်။ ထိုအချက်များကို ပြန်လည်မျှဝေ ရာတွင်လည်း နေရပ်စွန့်ခွာရသူများအား ထောက်ပံ့ကူညီရန်နှင့် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ် စောင့် ရှောက်ရန် အတွက်သာ အထူးဂရုစိုက်၍ ပြန်လည်မျှဝေရမည်။ ၎င်းတို့အတွက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကို အမြဲ ဦးစားပေးရမည့်အပြင် ပါဝင်ပတ်သက်သူများ၏ သဘောတူညီချက်ကိုလည်း ရရှိအောင် တောင်းခံရမည်။
- ✔ စခန်းရှိသတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်ကိုအမြဲတမ်းစောင့်ကြည့်ပြီးအကဲဖြတ်နေရမည်။စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဝေဖန်အကြံပြုမှုများကို လမ်းဖွင့်ပေးထားကာ စနစ် တိုးတက်ရေးအတွက်လည်း အမြဲ ကြိုးပမ်း အားထုတ်နေရမည်။

## အသုံးပြုရန် နည်းလမ်းအထောက်အကူများ

### အသုံးပြုရန် နည်းလမ်းအထောက်အကူများနှင့် ရည်ညွှန်းစာအုပ်စာတမ်းများ

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများအားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှ၎င်း၊ www.cmtoolkit.org ဝက်ဘ်ဆိုက်တွင်၎င်း ရရှိနိုင်ပါသည်။

- International Organisation for Migration (IOM), 2014. DTM South Sudan Guidelines
- IOM, 2014. DTM South Sudan Form Sample
- IOM, 2014. DTM South Sudan Host Community Form Sample
- IOM, 2014. DTM PH Haiyan Site Profile sample
- IOM, 2014. Data confidentiality form
- IOM, 2014. Data access form
- UN Refugee Agency (UNHCR), 2013. 3W Template
- UNHCR, 2014. Site Profile Template
- UNHCR, 2014. Minimum Sectoral Data Tracking Tool
- UNHCR, 2014. Information Management Strategy Template
- UNHCR, 2014. Standard Registration Form
- UNHCR, 2014. Standard Level 2 Registration Form

## ရည်ညွှန်းစာအုပ်စာတမ်းများ


- Communicating with Disaster Affected Communities Network (CDAC), 2014. The Message Library (http://www.cdacnetwork.org/tools-and-resources/message-library/)
- Digital Humanitarian Network (http://digitalhumanitarians.com/)
- Global Camp Coordination and Camp Management (CCCM) အစုအဖွဲ့, 2015. အစုအဖွဲ့ Information Management Toolkit (in development due for release by end of 2015)
- Global Water, Sanitation and Hygiene (WASH) အစုအဖွဲ့, 2014. WASH အစုအဖွဲ့ Information Management Toolkit (http://washအစုအဖွဲ့.net/im-toolkitpage)
- Humanitarian Date Exchange, 2014. Humanitarian Exchange Language (http://docs.hdx.rwlabs.org/hxl/)

- Inter Agency Standing Committee (IASC) and European Union (EU), 2015. Inform, Index for Risk Management (still under development) (http://dev.inform-index.org/)
- IOM, 2010. Data Protection Manual
- Office for the Coordination of Humanitarian Affairs (OCHA, 2012. Humanitarian Icons (http://reliefweb.int/report/world/world-humanitarian-and-country-icons-2012)
- OCHA, 2014. Assessment Registry (http://www.humanitarianresponse.info/applications/tools/category/assessment-registry)
- OCHA, 2014. Assessment Tools Guidance (http://www.humanitarianresponse.info/programmecycle/space/page/assessments-tools-guidance)
- OCHA, 2014. Humanitarian Indicator Registry (http://www.humanitarianresponse.info/applications/ir)
- OCHA, 2014. Information Management Toolbox (http://www.humanitarianresponse.info/applications/tools)
- OCHA, 2014. Information Management Working Group Tool boxes (http://www.humanitarianresponse.info/topics/imwg/page/information-management-working-group)
- OCHA, 2014. The Humanitarian Kiosk (HKiosk) (http://www.humanitarianresponse.info/applications/ kiosk)
- UNHCR, 2014. Information Management Toolkit (http://data.unhcr.org/imtoolkit/)

အထက်ပါ သတင်းအချက်အလက်အားလုံးကို www.globalcccmအစုအဖွဲ့.org/information-mangagement-references တွင် ရရှိနိုင်ပါသည်။